မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၆ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မီးသတ်တပ်ဖွဲ့၏ တာဝန်များကို မီးသတ်လုပ်ငန်းစဉ်(၇)ရပ်နှင့်အညီ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင် တိတိကျကျ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားနှင့် မီးငြိမ်းသတ်ရေး အသက်ကယ်သရုပ်ပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန စစ်ရေးပြကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မီးသတ်ဦးစီးဌာန၏ (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားနှင့် မီးငြိမ်းသတ်ရေး အသက်ကယ်သရုပ်ပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်း ဖောက်လုပ်နေမှု ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂ရက် နံနက်ပိုင်းတွင် ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီက B.O.T စနစ်ဖြင့်ဆောင်ရွက်မည့် မကွေး-ရေနံ့ချောင်း-ကျောက်ပန်းတောင်း လမ်းပိုင်းအား ပြုပြင်နိုင်ရန် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မိတ္ထီလာမြို့နယ်၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ကြီးထွားရှင်သန်မှုကို ဤသို့တွေ့ရသည်။

ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်ရာ မိတ္ထီလာ

➢ သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

➢ စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး(မြန်မာ့အလင်း)

မိတ္ထီလာ မေ ၅

စိမ်းစိုနေသော မိုးကြိုချည်မျှင်ရှည်ဝါခင်းများက မျက်စိတစ်ဆုံးပင်။ အပင်များသန်စွမ်းပြီး အရွက်ဖားဖားတို့ဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိုက်ခင်းများက မိတ္ထီလာမြို့နယ်၏ မိုးကြိုချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးမှုကို ထင်ရှားပီပြင်စေခဲ့ပေပြီ....။

လေ့လာ

မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးမှုကို လေ့လာရန် မိတ္ထီလာမြို့နယ် ညောင်ကိုင်းရွာအုပ်စုသို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့သည်။ လမ်းဘေးဝဲယာတွင် နွေစပါးစိုက်ခင်းများကို မြင်တွေ့ရပြီးနောက် စက်ရေတွင်း၊ ဆည်ရေသောက်တို့ဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ညောင်ကိုင်းရွာအနီး မိုးကြိုချည်မျှင်ရှည်ဝါစိုက်ခင်းများသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိလေ့လာခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

6-5 (01).pmd 1 5/6/2010, 1:18 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၆ ရက်)

ပြည်ထောင်စုတစ်ဝန်း သစ်တောသစ်ပင်စိမ်းလန်းဖြာဝေ ဒို့ရတနာမြေ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် သစ်တောဧရိယာ အကျယ်ပြန့်ဆုံး ဒေသဖြစ်သည်။ သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေ၊ မြေ၊ သားငှက်၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအတွက် အဖိုးအနဂ္ဃ မဖြတ်နိုင်သည့် အမွေအနှစ်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြုစုပျိုးထောင်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကြီးများ၊ ကျွန်းအထူးစိုက်ခင်းစီမံကိန်း၊ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေး စီမံကိန်း၊ ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်း၊ အထူးအရေးကြီးသည့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးစီမံကိန်း၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းစသည်ဖြင့် ဆောင်ရွက်နေမှုများသည် သဘာဝသစ်တောများ အရှည်တည်တံ့ဖြစ်တည်နေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် ဖြစ်ပေသည်။

ဥတုရာသီတောကိုမှီ ဆိုသည့် ဆောင်ပုဒ်အရ သစ်တောသစ်ပင်များသည် ရာသီဥတုကို ပြုပြင်ပြောင်းလဲစေပြီး ရာသီဥတုလွှန်ကဲမှုများကိုလည်း တားဆီးကာကွယ်နိုင်သည်။

ထို့ပြင် မြန်မာ့သစ်တောများသည် ဇီဝမျိုးစုံ မျိုးကွဲစုံလင်စွာ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ခဲ့၍ မြန်မာ့သစ်တောများကို အရှေ့တောင်အာရှ၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးခံစစ်နယ်မြေဟုပင် ကမ္ဘာ့သိပ္ပံပညာရှင်များက ဆိုစမှတ်ပြုထားကြသည်။

သစ်တောသစ်ပင်များသည် တိုင်းရင်းသားပြည်သူများအတွက် လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိရာ သစ်တောများမှရရှိသည့် အကျိုးကျေးဇူးများကို တိုက်ရိုက်နှင့် သွယ်ဝိုက်၍ စဉ်ဆက်မပြတ် ခံစားနိုင်စေရန်နှင့် သစ်တောသစ်ပင်များ အရှည်တည်တံ့ ဖြစ်ထွန်းပေါက်ရောက်နေစေရန် ဒေသခံတိုင်းရင်းသားပြည်သူများကပါ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၆-၅-၂၀၁၀

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၅။ မွေးမြူသုတ
- ၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၁၀)
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၆)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၄၃)

ရွှေစံကားဝါ ပညာအလင်းရောင် စာကြည့်တိုက် ကျောက်ပန်းတောင်းမြို့နယ် ချိုင်းကျေးရွာတွင်ဖွင့်

နေပြည်တော် မေ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် မေ ၂ ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားလွင်ကျေးရွာအုပ်စု ချိုင်းကျေးရွာ၌ကျင်းပသော ရွှေစံကားဝါပညာအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဝန်ကြီး ဦးလှထွန်းနှင့်ဇနီးတို့က ချိုင်းကျေးရွာ ရွှေစံကားဝါပညာအလင်းရောင် စာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကိုလည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က စာကြည့်တိုက်အတွက် ပရိဘောဂနှင့် စာအုပ်စာတမ်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် တာဝန်ရှိသူတို့က ချိုင်းကျေးရွာ ရွှေစံကားဝါပညာအလင်းရောင်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မသန်စွမ်းသူများ ငွေဆောင်ကမ်းခြေ၌ အပန်းဖြေ

ရန်ကုန် မေ ၅

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအတွက် ငွေဆောင်ကမ်းခြေ အပန်းဖြေခရီးစဉ်ကို ဧပြီ ၁၈ရက်မှ ၂၀ရက်အထိ သွားရောက်ခဲ့ရာ အဖွဲ့အစည်း (၂၃)ဖွဲ့မှ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အမြင်အာရုံချို့တဲ့သူ၊ အကြားအာရုံ ချို့တဲ့သူ၊ ဉာဏ်ရည်ချို့တဲ့သူ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ၊ ဆေးအဖွဲ့၊ သတင်းအဖွဲ့နှင့် လေ့လာသူစုစုပေါင်း ၉၃ဦး လိုက်ပါခဲ့ကြသည်။

စိတ်ဓာတ်မြှင့်တင်

အဆိုပါ အပန်းဖြေခရီးစဉ်အတွင်း မသန်စွမ်းသူများအတွက် စိတ်ဓာတ် မြှင့်တင်ရေး ဆွေးနွေးပွဲများ ကျင်းပခြင်း၊ တေးသီချင်းများ သီဆိုဖျော်ဖြေခြင်း၊ ရေကူးအပန်းဖြေခြင်း၊ မသန်စွမ်းသူများမှ ပညာပေးပြဇာတ်များနှင့် ဖျော်ဖြေခြင်းနှင့် မသန်စွမ်းသူအချင်းချင်း ချစ်ခင်ရင်းပင်းကူညီတတ်ရန်အတွက် အစီအစဉ်များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)** **(မြန်မာ့အလင်း)**

အမ်း၊ မြေပုံနှင့် မင်းပြားမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၈ရက် ညနေပိုင်းက အမ်းမြို့ သယု(ပဲပုဒ့်)တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ဧပြီ ၂၉ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒိုင်ကြီးအခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် ဆင်တိုးကျေးရွာ လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ယောချောင်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် အမ်း-မင်းပြားကားလမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ရာမောင်ပူးပေါင်းစစ်ဆေးရေးစခန်းရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၅-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ အကပဒေသာ
- ၈:၃၀ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ **စီးဆင်းပါစေမေတ္တာရည်**
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေF.C နှင့် မနောမြေ F.C)
- ၅:၁၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၃၅ ၄။ ရောင်စုံရေးသီတေးပန်းချီ
- ၆:၀၀ ၅။ ညနေခင်းသတင်း
- ၆:၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၇။ ပျော်ရွှင်စေသောနေ့ရက်များ
- ၆:၃၅ ၈။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၃၁)
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ**(အပိုင်း-၁၂)
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၄၀)
- ၁၅။ အစီအစဉ်ပြီး၏။

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

● *ရှေ့ဖုံးမှ*



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မကွေး-မြို့သစ်-တောင်ညို-နေပြည်တော်လမ်းတွင် လမ်းချဲ့ခြင်းလုပ်ငန်းနှင့် စက်ယန္တရားကြီးများဖြင့် လမ်းမြေကြီးကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် မကွေး-မြို့သစ်-တောင်ညို- နေပြည်တော်လမ်း မိုင်တိုင်အမှတ် (၈၀/၄)လမ်းဆုံ၌ လမ်းအကွေ့ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၆၀/၅)၌ လမ်းချဲ့ခြင်းလုပ်ငန်းနှင့် စက်ယန္တရားကြီးများဖြင့် လမ်းမြေကြီး ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၇/၃)၌ လမ်းမြေသား ညှိခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းတစ်လျှောက်ရှိ ပုလင်းဆည်၊ နတ်မောက်ဆည်နှင့် စွန်ဆည်တို့၏ ဆည်ရေသောက်စနစ် လက်တံမြောင်းများ မပျက်စီးစေရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၅၅/၀)မှ (၅၅/၁)အကြား လမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မကွေးခရိုင် မြို့သစ်မြို့နယ်သို့ ရောက်ရှိကာ မြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် မြို့တွင်းလမ်းများ ကောင်းမွန်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ဆက်လက်၍ မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးသည် မြို့သစ်မြို့နယ် မြေပြင့်သာ ကျေးရွာအုပ်စုသို့ ရောက်ရှိ၍ စွန်ဆည်ရေဖြင့် ရတနာတိုး မျိုးသန့်နွေစပါး စိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းပြီး ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၄၃/၇)၌ လမ်းမြေကြီးဖို့ခြင်းလုပ်ငန်းနှင့် မြေညှိခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၂)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ်က မကွေး-မြို့သစ်-တောင်ညို-နေပြည်တော်လမ်းကို ကုမ္ပဏီများ၊ မန္တလေးတိုင်းနှင့် မကွေးတိုင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့မှ လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေမှုနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား အသေးစိတ် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည်လမ်းတစ်လျှောက် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နေပြည်တော်-မန္တလေး အမြန်လမ်းဆုံနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်းသည် ယခုအခါ မြေသားလမ်း ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။ **(သတင်းစဉ်)**

* *ရှေ့ဖုံးမှ*

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ အဓိကတာဝန်ကြီး (၅)ရပ်ဖြစ်သည့် မီးသတ်မှုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး၊ လူမှုရေး၊ နိုင်ငံတော်၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရေးတာဝန်များကို မီးသတ်လုပ်ငန်းစဉ် (၇)ရပ်နှင့်အညီ မီးသတ်တပ်ဖွဲ့၏ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင် တိတိကျကျ ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားချက်များ အပါအဝင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အသေးစိတ် ထည့်သွင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး သရုပ်ပြသမှု လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မီးသတ်ပစ္စည်းကိရိယာများ ပြခန်းနှင့် ပန်းချီ၊ ဆောင်းပါး၊ ကာတွန်း၊ ဓာတ်ပုံများနှင့် နံရံကပ်စာစောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

အရိုးနာကျင်မှု ရောဂါများ ဓာတ်မှန်ဖြင့် စစ်ဆေးနိုင်ဖွယ်ရှိ

အရိုးနာကျင်စွာ ခံစားနေရသော ရောဂါဝေဒနာရှင်များ၏ အရိုးနာရောဂါကို ဓာတ်မှန်ရိုက်ပြီး စမ်းသပ်ပေးနိုင်ဖွယ်ရှိကြောင်း စကော့တလန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လေ့လာတွေ့ရှိ

အရိုးနာကျင်ရောဂါဖြစ်စေသည့် မျိုးဗီဇသုံးမျိုးကို စမ်းသပ်စစ်ဆေးနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းသိပ္ပံပညာရှင်တို့က လေ့လာတွေ့ရှိထားသည်။

မျှော်လင့်

ဗြိတိန်နိုင်ငံ၌ အရိုးရောဂါခံစားနေရသူတစ်သန်းခန့်ရှိရာ ယင်းတို့ကို ဓာတ်မှန်ရိုက်စစ်ဆေးကုသရန် မျှော်လင့်ထားသည်။

အထောက်အကူ

အရိုးနာကျင်ရောဂါများ ဓာတ်မှန်ရိုက်စစ်ဆေးနိုင်လျှင် ဆရာဝန်များအနေဖြင့် လူနာများအား ထိရောက်စွာ ကုသပေးရန် အထောက်အကူဖြစ်လာမည်ဟု ဆိုသည်။ ။

(အင်တာနက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မကွေးတိုင်းအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု အချို့ရှိခဲ့

နေပြည်တော် မေ ၅

မေ၃ရက်နှင့် ၄ ရက်ညနေပိုင်းတွင် မကွေးတိုင်းအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့ကြောင်း သိရှိရသည်။

မြိုင်မြို့နယ်

မေ ၃ရက်က ပခုက္ကူခရိုင် မြိုင်မြို့နယ် ဗဟင်းကျေးရွာအုပ်စု ရှမ်းဒိုးကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် မူလတန်းကျောင်းဆောင်နှင့် လူနေအိမ်အချို့ သွပ်မိုးများ လန်သွားခဲ့ကြောင်း၊ မကွေးမြို့ပေါ်၌လည်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးတိုင် ငါးတိုင်ခန့် ပြိုလဲသဖြင့် လျှပ်စစ်မီးပြတ်တောက်သွားခဲ့၍ မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများက လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် အမြန်ပြုပြင် ဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

မင်းလှမြို့နယ်

အလားတူ မေ ၄ရက်က မင်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် မင်းလှမြို့ အမှတ် (၁၊ ၂၊ ၃) ရပ်ကွက်ရှိ နေအိမ် ၃၃လုံး အမိုးလန်ခြင်း၊ ရောဝတီ မြစ်ကမ်းနဖူး လက်ပံပင်ဆိပ်နှင့် အမှတ် (၁၊ ၃)ရပ်ကွက်ရှိ နေအိမ်အချို့ပြိုလဲခြင်း၊ ဆက်သွယ်ရေးတာဝါတိုင် ချွတ်ယွင်းသွားသဖြင့် တယ်လီဖုန်းဆက်သွယ်မှု ပြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်တိုင်အချို့ ကျိုးပဲ့၍ လျှပ်စစ်ဓာတ်အားလိုင်း ပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကြိုတင်စီမံဆောင်ရွက်

ယခုကာလများအတွင်း ရံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်လေ့ရှိကြောင်း၊ မိုးသက်လေပြင်းဒဏ်ကြောင့် သစ်ပင်ကြီးများလဲပြိုခြင်း၊ ကျိုးကျခြင်း၊ လျှပ်စစ်ဓာတ်မီးတိုင်များလဲပြို၍ လျှပ်စစ်ကြိုးပြတ်တောက် ပြုတ်ကျခြင်းများ ဖြစ်ပေါ်ပြီး လူနှင့် တိရစ္ဆာန်များ သေဆုံးထိခိုက်ဒဏ်ရာရရှိခြင်း၊ နေအိမ်အဆောက်အအုံနှင့် ယာဉ်များ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားနိုင်သည့်အတွက် ပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်ဂရုပြုကြရန်၊ အန္တရာယ်ရှိစေနိုင်သည့် သစ်ပင်ကြီးများကို ကြိုတင် ရှင်းလင်းဖယ်ရှားထားကြရန်နှင့် မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်စေရအောင် ကြိုတင်ဂရုပြု စီမံဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် မေ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရှော့ဆက်ဖ် ကာမဲလ် ဘူးထရို့စ် ဟန်နာ၏နေရာတွင် မစ္စတာ ရှရစ်ဖ် ယူဆွတ်ဖ် အဘာတ်စ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရှရစ်ဖ် ယူဆွတ်ဖ် အဘာတ်စ်သည် ၁၉၅၇ ခုနှစ် မတ် ၁၇ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၀ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ဒါကာ၊ မာဆေးလ်၊ ဂါဇာ၊ရောမနှင့် စင်ကာပူတို့ရှိ အီဂျစ်သံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အိုင်ဗရီကို့စ်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် အီဂျစ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးကော်မတီ၊ လေ့ကျင့်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ ရှရစ်ဖ် ယူဆွတ်ဖ် အဘာတ်စ်သည် အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ကို တတ်မြောက်ပြီး အိမ်ထောင်မရှိသူ တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

လားရှိုး လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးအဖွဲ့က လူကုန်ကူးသူတစ်ဦးအား ဖမ်းဆီးရမိ

လူကုန်ကူးသူများ၏ စည်းရုံးဖြားယောင်းမှု မခံရရေး ကြိုတင်သိရှိ ရှောင်ကြဉ်နိုင်ရန် သက်ဆိုင်ရာက သတိပေး

နေပြည်တော် မေ ၅

လားရှိုးမြို့နယ် လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးအဖွဲ့သည် မေ ၁ရက် ညနေ ၅နာရီခွဲခန့်တွင် လားရှိုးမြို့မှ မူဆယ်မြို့သို့ ထွက်ခွာလာသော ဗင်ကားတစ်စီးအား စစ်ဆေးရာ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်နေ ဒေါ်သန်းလှိုင်က အသက် ၁၅နှစ်နှင့် ၁၉နှစ်အရွယ် မိန်းကလေးငယ်နှစ်ဦးအား မူဆယ်မြို့ရှိ စတိုးဆိုင်တွင် တစ်လငွေကျပ် ရှစ်သောင်းနှုန်းဖြင့် အလုပ်ရမည်၊ စတိုးဆိုင်တွင် အလုပ်အဆင်မပြေပါက တစ်ဖက်နိုင်ငံရှိ အနှိပ်ခန်းတွင် အလုပ်လုပ်နိုင်သည်၊ ငွေကြေးမတန်တဆရမည်ဟု စည်းရုံး၍ ခေါ်ဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဒေါ်သန်းလှိုင်အား သိန်းနီရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ကြံစည်အားထုတ်

ဒေါ်သန်းလှိုင်သည် အမျိုးသမီးငယ်နှစ်ဦးအား မူဆယ်မြို့၌ အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြီး တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ကာ အခြားကာမဆိုင်ရာ ဖျော်ဖြေမှုပြုလုပ်စေရန်အတွက်လည်းကောင်း၊ တစ်ဖက်နိုင်ငံသားများနှင့် အဓမ္မလက်ထပ် ထိမ်းမြားစေရန်အတွက်လည်းကောင်း အကျိုးအမြတ်ရယူရန် ကြံစည်အားထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပူးပေါင်းဆောင်ရွက်

တာဝန်ရှိသူများက အမျိုးသမီးငယ်နှစ်ဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ ဖမ်းဆီးရမိတရားခံများအား ထိရောက်ပြင်းထန်သော ပြစ်ဒဏ်ချမှတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးငယ်ရွယ်များ၊ မိဘအုပ်ထိန်းသူများအနေဖြင့်လည်း လူကုန်ကူးသူများ၏ မစားရဝခမန်း စည်းရုံးသွေးဆောင်မှုကို ကြိုတင်သိရှိပြီး လူကုန်ကူးသူများ၏ ပရိယာယ်ကို ကြိုတင်ရှောင်ကြဉ်ခြင်း၊ လာရောက်စည်းရုံးဖြားယောင်းသူများအား ဖမ်းဆီးနိုင်ရေး တာဝန်ရှိသူများထံ သတင်းပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်ဟု သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မေ ၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၅ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၂၀၅ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၇၀၂၂ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၁၂၀၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၇၀၂၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် မေ ၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၅ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၉၀ ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၂၆၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၇၉၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၂၆၃ ဦး

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘတ်မြို့အရှေ့ပိုင်း၌ ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိခဲ့သော အပြစ်မဲ့ကလေးငယ် တစ်ဦးအား မေ၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ် – အာဖဂန် သတင်းများ

အီရတ်ပါလီမန်ရွေးကောက်ပွဲ ကျင်းပအပြီး အကြမ်းဖက်တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွား

ဘဂ္ဂဒက် မေ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ သီးခြားစီ ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ထောက်လှမ်းရေးအရာရှိ တစ်ဦးသေဆုံးပြီး အစိုးရဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု မေ ၄ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ကာ့ဒ်မီယာဒေသအတွင်း၌ ထောက်လှမ်းရေးအရာရှိ ဒုတိယဗိုလ်မှူးကြီး အလီဟူစိန်သည် အလုပ်သို့သွားရန် ၄င်း ကိုယ်တိုင်မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရရှိ

ထိုအချိန်ကာလအတွင်း ဘဂ္ဂဒက်မြို့ အနောက်ပိုင်းရှိ ဝန်ကြီးများရုံးမှ ဝန်ထမ်းတစ်ဦး၏ မော်တော်ယာဉ်ကို ဗုံးဖောက်ခွဲတိုက်ခိုက်ပြန်ရာ အဆိုပါ ဝန်ထမ်းအပါအဝင် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ဖြစ်ပွား

အီရတ်၌ ပါလီမန်ရွေးကောက်ပွဲ ကျင်းပပြီးနောက် နှစ်လနီးပါးကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ အဆက်မပြတ် ဖြစ်ပွားလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်အရှေ့ပိုင်း၌ လေကြောင်းမှတိုက်ခိုက် စစ်သွေးကြွ၁၀ဦး သေဆုံး

ကဘူးလ် မေ ၅

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်၌ မေ ၂ ရက်က လေကြောင်းမှ ရုတ်တရက်တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၀ဦး သေဆုံးခဲ့ကြောင်း အာဖဂန်တပ်ဖွဲ့မှ တပ်မှူးမိုဟာမက်ဒ်အစ်အာရာက ပြောကြားသည်။

အဆိုပါဖြစ်ရပ်သည် ဒူဝါမန်ဒါဒေသရှိ အာဏာပိုင်အဖွဲ့ကို စစ်သွေးကြွများက ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုးပမ်းစဉ် အာဖဂန်လုံခြုံရေးတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်တပ်ဖွဲ့မှ တပ်မှူးအစ်လ်အာရာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သန္နိဋ္ဌာန်ချထား

အာဖဂန်နစ္စတန်၌ ၂၀၀၁နှစ်ကုန်ပိုင်းက အမေရိကန်ဦးဆောင်သော တပ်များ၏ ထိုးစစ်ကြောင့် ၄င်းတို့၏ တာလီဘန်အစိုးရ ပြုတ်ကျပြီး သဘောထားတင်းမာသည့် စစ်သွေးကြွများက ယခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်အဟုန်မြင့်လုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်ချထားကြောင်း သိရသည်။ **(အင်တာနက်)**

ယင်းနေ့မှာပင် ဖာရာပြည်နယ်နှင့် ဟယ်လ်မန့်ပြည်နယ်တို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ၁၅ ဦးပြင်းထန်စွာ ဒဏ်ရာရ ရှိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို မေ ၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မိုဆူးလ်၌ ကားဗုံးပေါက်ကွဲ တစ်ဦးသေဆုံး၊ ၈၀ဒဏ်ရာရ

မိုဆူးလ် မေ ၅

အီရတ်နိုင်ငံအနောက်ပိုင်း မိုဆူးလ်မြို့အနီး၌ ကားဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး ၈၀ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၂ရက်တွင် ပြောကြားသည်။

ပြောကြား

မိုဆူးလ်မြို့နှင့် သုံးကီလိုမီတာအကွာ အဝေးပြေးလမ်းမကြီးပေါ်တွင် မောင်းနှင်လာသောဘတ်စ်ကားကို ဗုံးနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကျောင်းသား တစ်ဦးသေဆုံးပြီး ၈၀ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ **(အင်တာနက်)**

မြောက်ကော့ကေးဆပ် ရဲစခန်း လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရ

မော်စကို မေ ၅

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသရှိ ရဲစခန်းတစ်ခု လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရသဖြင့် ရဲတပ်ဖွဲ့ဝင် ၁၁ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာစုံစမ်းစစ်ဆေးရေးမှူးများက မေ ၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

အဆိုပါဒေသရှိ အင်ဂုတ်ချ်မြို့အနီး အဝေးပြေးလမ်းမပေါ်ရှိ ရဲစခန်းကို မေ ၃ရက် ညပိုင်းက လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အသေအပျောက်မရှိကြောင်း ရုရှားသတင်းဌာနက ပြောကြားသည်။

မြောက်ကော့ကေးဆပ်ဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး ယင်းတိုက်ခိုက်မှုများကြောင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့၏အာဏာကို ကျဆင်းစေသည်ဟုဆိုသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

မူးယစ်ဆေးဝါး နှစ်တန်ကျော် မက္ကဆီကို၌ သိမ်းဆည်းရမိ

မက္ကဆီကိုစီးတီး မေ ၅

မက္ကဆီကိုရေတပ်က မက္ကဆီကို ပစိဖိတ်ကမ်းခြေအနီးရှိ ငါးဖမ်းသင်္ဘောပေါ်မှ ကိုကင်းမူးယစ်ဆေးဝါး ၂ဒသမ၄ တန်ကို သိမ်းဆည်းရမိကြောင်း မေ ၃ ရက်က ပြောကြားသည်။

အဆိုပါကိုကင်းမူးယစ်ဆေးဝါးများကို သင်္ဘော၏လောင်စာကန်တွင် သိုဝှက်ထားသည်ကိုတွေ့ရှိခဲ့သည်ဟု စစ်ဘက်တပ်မှူး ဗယ်ဒက်ဇ်က ပြောကြားသည်။

မက္ကဆီကို ရေတပ်က ယင်းသင်္ဘောနောက်သို့ သုံးရက်နီးပါး လိုက်ခဲ့ရသည်ဟု ၄င်းကပြောကြားသည်။

သေဆုံး

အဆိုပါသင်္ဘောပေါ်မှ သင်္ဘောသား ငါးဦးအား ရေတပ်က ဖမ်းဆီးပြီး မက္ကဆီကို ရှေ့နေချုပ်ထံ လွှဲပြောင်းပေးခဲ့သည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲစဉ်အတွင်း လူ ၂၂၇၀၀ သေဆုံးခဲ့သည်။ **(အင်တာနက်)**

မိုဂါဒစ်ရှူး၌ ဗုံးနှစ်လုံးပေါက်ကွဲ ၃၉ဦးသေဆုံး၊ ၇၀ဒဏ်ရာရ

မိုဂါဒစ်ရှူး မေ ၅

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ အဓိကဈေးကြီးရှိ အဆောက်အအုံ၌ မေ ၂ရက်က ဗုံးနှစ်လုံးပေါက်ကွဲသဖြင့် ၃၉ဦးထက်မနည်းသေဆုံးပြီး ၇၀ဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လေ့ကျင့်သင်ကြား

အာဖဂန်နစ္စတန်စစ်ပွဲ ပဋိပက္ခများမှတစ်ဆင့် ဆိုမာလီနိုင်ငံအတွင်းသို့ စစ်သွေးကြွများ စိမ့်ဝင်ရောက်ရှိခဲ့ပြီးနောက်ပိုင်းတွင် ဆိုမာလီစစ်သွေးကြွများကို ၄င်းတို့က လေ့ကျင့်သင်ကြားပေးခဲ့သဖြင့် ဆိုမာလီနိုင်ငံ၌ ဗုံးပေါက်ကွဲမှုများ ပိုမိုဖြစ်ပွားလာခြင်းဖြစ်သည်။ **(အင်တာနက်)**

ယီမင်သင်္ဘော အပိုင်စီးခံရ

ဆန်နာ မေ ၅

ယီမင်ကုန်သင်္ဘောတစ်စင်းသည် ယီမင်နိုင်ငံသား ကိုးဦးနှင့်အတူ ယီမင်ကမ်းလွန် တစ်နေရာတွင် ဆိုမာလီဓားပြများ၏ အပိုင်စီးမှုခံရကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးဌာနက မေ ၃ရက်၌ ပြောကြားသည်။

ဖော်ပြ

အဆိုပါသင်္ဘောသည် ဟာဒရာမောက်ပြည်နယ် မူကောဆိပ်ကမ်းမှထွက်ခွာပြီး အေဒင်ဆိပ်ကမ်းမြို့သို့ ဦးတည်မောင်းနှင်လာပြီး နောက်ငါးရက်အကြာတွင် အပိုင်စီးခံရသည်ဟု ယီမင်ကမ်းခြေစောင့်ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ပြည်ထဲရေးဝန်ကြီးဌာနက ဖော်ပြသည်။

(အင်တာနက်)

ဘရာဇီးနှင့်ပါရာဂွေး နှစ်နိုင်ငံဆက်သွယ်သည့် ဒုတိယမြောက်တံတား တည်ဆောက်မည်

ဘရာဆီးလီးယား မေ ၅

ဘရာဇီးအစိုးရသည် ဘရာဇီးနိုင်ငံ ဖော့ဇ်ဒီအီဂွာယူမြို့နှင့် ပါရာဂွေးနိုင်ငံ ကူဒက်ဒယ်လ်အေ့စ်မြို့တို့ကို ဆက်သွယ်မည့် တံတားတစ်စင်းကို တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် မေ ၄ရက်၌ ဖော်ပြသည်။

ဆက်သွယ်ထား

အဆိုပါတံတားကို ပါရာနားမြစ်ပေါ်၌ တည်ဆောက်မည်ဖြစ်ပြီး ယင်းတံတားသည် ဘရာဇီးနိုင်ငံနှင့်ပါရာဂွေးနိုင်ငံတို့ကို ဆက်သွယ်ထားသည့် ဒုတိယမြောက်တံတားဖြစ်သည်။

ထုတ်ဖော်ပြောကြား

ဘရာဇီးသမ္မတနှင့် ပါရာဂွေးသမ္မတတို့ ဘရာဇီးနိုင်ငံ ပွန်တာပိုရာမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် ဘရာဇီးသမ္မတက အဆိုပါတံတား တည်ဆောက်မည့် အစီအစဉ်ကို ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

တံတားကို ၂၀၁၀ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်တည်ဆောက်မည်ဖြစ်ပြီး အောက်ခံဖောင်ဒေးရှင်းကို ကျောက်စရစ်ဖြင့် တည်ဆောက်မည်ဟုဆိုသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

အန္တရာယ်ကြီးမားသည့် ရေနံယိုဖိတ်မှု

တိုး
ရေးသားသည်

ကမ်းလွန်ပင်လယ်ရေနံတူးသည့်အလုပ်မှာ အန္တရာယ်များသည့်လုပ်ငန်းဖြစ်သည်။ မက္ကဆီကိုပင်လယ်ကွေ့အတွင်း ဒီ(ပ်)ဝါးတားဟော်ရီဇွန် ရေနံတွင်းတူးစင်ပေါက်ကွဲမီးလောင်မှုက ကမ်းလွန်ရေနံတူးသည့်လုပ်ငန်း မည်မျှအန္တရာယ်ကြီးကြောင်း ထင်ရှားသည့် သတိပေးချက်ပင်ဖြစ်သည်။

၁၉၈၈ခုနှစ် ဇူလိုင် ၆ရက်က မြောက်ပင်လယ်၌ ပိုက်ပါအယ်လ်ဖာရေနံတူးဖော်ရေး စက်ယန္တရားစင်မြင့်ပေါ်တွင် ဓာတ်ငွေ့ရည်မီးလောင်ပေါက်ကွဲခဲ့ပြီး ၁၆၇ဦး သေဆုံးခဲ့သဖြင့် သမိုင်းတွင် အဆိုးရွားဆုံးဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။ မီးလောင်မှုကို ထိန်းချုပ်ရန် လွယ်ကူကောင်း လွယ်ကူမည်ဖြစ်သော်လည်း အလုပ်သမား၏အသက်ကို ရန်ရှာမှု၊ သဘာဝပတ်ဝန်းကျင်အပေါ် ခြိမ်းခြောက်မှုတို့မှာ တားဆီးနိုင်မည်မဟုတ်ကြောင်း သတိပြုရမည်ဖြစ်သည်။

ယိုဖိတ်ခဲ့

လွန်ခဲ့သည့်နှစ် ၂၀ကျော်ကာလ ၁၉၈၉ခုနှစ်ဆီက အလက်စကာပြည်နယ်အနီး အက်ဇွန်ဗားလ်ဒက်ရေနံတင်သင်္ဘောကြီး နစ်မြုပ်စဉ် ပင်လယ်ထဲသို့ ရေနံစိမ်းတန်ချိန် ၃၈၀၀၀ယိုဖိတ်ကျခဲ့သည့် ရိုက်ခတ်မှုမှာ ယနေ့တိုင် မေ့မရနိုင်အောင်ရှိနေသည်။ ထိုစဉ်က ထောင်ပေါင်းများစွာသော ပင်လယ်ငှက်များ၊ ပင်လယ်ဖျံများသေဆုံးရပြီး ငါး သန်းပေါင်းများစွာတို့ အဆိပ်သင့်ကုန်သည်။

လောလောဆယ်ဖြစ်ပေါ်နေသည့် ဒီ(ပ်)ဝါးတားဟော်ရီဇွန်ရေနံတွင်းတူးစင် ပေါက်ကွဲမီးလောင်မှုသည် မက္ကဆီကိုပင်လယ်ကွေ့၌ ဖြစ်ပွားသည့်တစ်ခုတည်းသော အနိဋ္ဌာရုံ မဟုတ်ပေ။ မက္ကဆီကိုပင်လယ်ကွေ့တွင် ၂၀၀၁ ခုနှစ်နောက်ပိုင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်မှုများအနက် မီးလောင်ပေါက်ကွဲမှု ၈၅၈ကြိမ်ရှိခဲ့ပြီး အလုပ်သမား ၅၅ဦး သေဆုံးခဲ့ရသည်။

မီးလောင်ပေါက်ကွဲ

ကမ်းလွန်ပင်လယ်ရေနံတူးဖော်ရေးမှာ အမေရိကန် သမ္မတ အိုဘားမား၏ ရည်ရွယ်ချက်တစ်ခု ဖြစ်သည်။ ယခုလည်း မက္ကဆီကိုပင်လယ်ကွေ့မှ ရေနံရှာဖွေတူးဖော်မှု တိုးချဲ့ပြုလုပ်မည်ဟု သမ္မတအိုဘားမားအာမခံပြီး ရက်သတ္တသုံးပတ်မျှမကြာမီတွင် ဘီပီကုမ္ပဏီနှင့်ကန်ထရိုက်စာချုပ်အရ ဆွစ်ဇာလန်ရေနံတူးဖော်ရေးကုမ္ပဏီ ထရန်အိုးရှင်း၏ ဒီ(ပ်)ဝါးတားဟော်ရီဇွန်ရေနံတွင်းတူးစင် မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဧပြီ ၂၀ရက်က မီးလောင်ပြီး နှစ်ရက်အကြာတွင် တွင်းတူးစင် နစ်မြုပ်သွားသည်။

ရိုက်ခတ်ဖျက်ဆီး

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် ဗင်းနစ်ဆိပ်ကမ်း၏ အရှေ့တောင်ဘက် ၅၂မိုင်အကွာ၌ ယင်းသို့ဖြစ်ပွားခြင်းကြောင့် အလုပ်သမား ၁၁ဦး ပျောက်ဆုံးနေသည်။ သေပြီဟုယူဆရသည်။ နေ့စဉ်စည် ၅၀၀၀ခန့်ရှိ ရေနံများပင်လယ်ထဲသို့ယိုဖိတ်လျက်ရှိရာ အမေရိကန်ကမ်းခြေဒေသများကို ခြိမ်းခြောက်လျက်ရှိသည်။ ယခုအခါ ရေနံဂါလန်ပေါင်း ၁ဒသမ ၆သန်းခန့် ပင်လယ်ထဲ၌ ရေနံပြင်အဖြစ် ပျံ့နှံ့လျက်ရှိသည်။ ပတ်ဝန်းကျင် ရေလုပ်ငန်းနှင့် ဂေဟစနစ်ကို ရိုက်ခတ်ဖျက်ဆီးပေတော့မည်။ ထို့ကြောင့်ပင် ဖလော်ရီဒါပြည်နယ်၊ လူဝီစီယားနားပြည်နယ်၊ မစ္စစ္စပီပြည်နယ်၊ အယ်လ်ဘားမားပြည်နယ်တို့ကို အရေးပေါ်အခြေအနေ ကြေညာထားသည်။

ရတက်မအေး

အမေရိကန်သမ္မတ အိုဘားမားက အမိမြေလုံခြုံရေးဝန်ကြီး ဂျဲနက်နပိုလီတာနို အပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အခင်းဖြစ်ဒေသသို့ စေလွှတ်သည့်အပြင် ကိုယ်တိုင် လူဝီစီယားနားပြည်နယ်သို့ မေ ၂ရက်က သွားရောက်လေ့လာကာ အနီးအနားပြည်နယ်များ၏ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဂေဟစနစ်ထိခိုက်မည့်အရေး ရတက်မအေးကြောင်း ပြောကြားသည်။

မျှော်လင့်

မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံတွင်းတူးစင် မီးလောင်ပေါက်ကွဲနစ်မြုပ်မှု အနိဋ္ဌာရုံကြုံတွေ့စဉ် ဟူစတန်၌ ကမ္ဘာ့ကမ်းလွန်ရေနံလုပ်ငန်းအဖွဲ့၏(၄၁)ကြိမ်မြောက် ကမ်းလွန်နည်းပညာညီလာခံကို မေ ၃ရက်က ဖွင့်လှစ်လိုက်သည်။ နောက်ဆုံးပေါ် နည်းပညာများဖြင့် မက္ကဆီကိုပင်လယ်တွင်း အနိဋ္ဌာရုံကို ကူညီဖြေရှင်းနိုင်မည်ဟု မျှော်လင့်ရသည်။

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်ကမ်းလွန်၌ ရေနံယိုဖိတ်မှုကြောင့် ပျံ့နှံ့လာသောရေနံများကို တားဆီးဟန့်တားရန် ကြိုးစားနေသည့် အမေရိကန်အလုပ်သမားများအား မေ ၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သို့သော် လေပြင်းတိုက်မှု၊ ဒီရေတက်မှုနှင့် ပင်လယ်ရေလှိုင်းတို့က ရေနံပြင်ကြီး ပျံ့နှံ့အောင်မည်သို့ တွန်းပို့ပေးလေမည်နည်း။ နည်းပညာမည်မျှတိုးတက်သည်ဖြစ်စေ ကမ်းလွန်ရေနံ တူးဖော်ရေးလုပ်ငန်းမှာ ဆောက်လုပ်ရေး၊ သစ်ထုတ်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်းစသည်တို့ကဲ့သို့ အန္တရာယ်ကြီးမားသော လုပ်ငန်းအဖြစ် ရှိနေဦးမည်မှာ သေချာသည်။

ယခုအခါ ရေထဲမျောပါနေသည့် ရေနံပြင်မှာ ကြိုတင်ခန့်မှန်းထားသည်ထက် ငါးဆ ပိုကျယ်လာသည်။ လေတိုက်နှုန်း ပိုပြင်းသည့်အတွက် ရေနံပြင်သည် အမေရိကန်နိုင်ငံ လူဝီစီယားနားကမ်းခြေသို့ ဆိုက်တော့မည်။

ထိုအခါ ရေကြက်များ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များဖြင့် ပြည့်နေသည့် သဘာဝဥယျာဉ်များကို ဆိုးဆိုးရွားရွား ဒုက္ခပေးပေတော့မည်။ အဆိုးဆုံးမှာ အမေရိကန် ပင်လယ်အစားအစာ အများစုကို ထုတ်လုပ်ပေးနေသည့် ဤပြည်နယ်၏ငါးလုပ်ငန်းကို မမှတ်မိလောက်အောင် ဒုက္ခပေး ဖျက်ဆီးမည့်အရေး စိုးရိမ်ကြောင့်ကြနေရပါကြောင်း။ ။ ***ကိုးကား-အင်တာနက်***

ယခုအခါ ရေနံဂါလန်ပေါင်း ၁ ဒသမ ၆ သန်းခန့် ပင်လယ်ထဲ၌ ရေနံပြင်အဖြစ် ပျံ့နှံ့လျက်ရှိ၊ ပတ်ဝန်းကျင်ရေလုပ်ငန်းနှင့် ဂေဟစနစ်ကို ရိုက်ခတ်ဖျက်ဆီး၊ ထို့ကြောင့်ပင် ဖလော်ရီဒါပြည်နယ်၊ လူဝီစီယားနားပြည်နယ်၊ မစ္စစ္စပီပြည်နယ်၊ အယ်လ်ဘားမားပြည်နယ်တို့ကို အရေးပေါ် အခြေအနေ ကြေညာထား။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

မက္ကဆီကိုမြောက်ပိုင်း၌ မြေပြို၍ အိုးမဲ့အိမ်မဲ့ဖြစ်ကြရ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်နှင့် နယ်ချင်းဆက်စပ်လျက်ရှိသည့် မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဘာဂျာကယ်လီဖိုးနီးယားပြည်နယ်တွင် မြေပြို၍ ရွှံ့များစီးဆင်းဖုံးအုပ်သည့်အတွက် မိသားစု ၃၅စုတို့ အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်ရှိခဲ့ကြရကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၄ရက်၌ ကြေညာသည်။ ***(အောက်ပုံ)***

ဘရာဇီးနှင့်အမေရိကန် တိုးမြှင့် ကုန်စည်ဖလှယ်ရန်စီစဉ်

ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့သည် ဆန်းသစ်တီထွင်သည့် နည်းပညာများနှင့်အတူ ကုန်စည်များတိုးမြှင့်ဖလှယ်ရန် စီစဉ်လျက်ရှိကြောင်း နှစ်နိုင်ငံ ကုန်သွယ်ရေးအရာရှိများက မေ ၄ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဖိလစ်ပိုင်သူပုန်တို့ လက်ချက် နှစ်ဦးသေဆုံး

ဖိလစ်ပိုင်လက်ဝဲသူပုန်များက ယခုတလော အစိုးရတပ်ဖွဲ့ဝင်များအား အရှိန်မြှင့်တိုက်ခိုက်လာသည့်အလျောက် ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးနှင့်ဇနီးတို့အား ချုံခိုတိုက်ခိုက်ခဲ့သဖြင့် နှစ်ဦးစလုံးသေဆုံးသွားခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်က မေ ၅ရက်တွင် ကြေညာသည်။

ရထားနှင့် မြေတူးစက်တိုက်မိ၍ တစ်ဦးသေဆုံး

ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်တွင် မေ ၅ရက် နံနက်က ခရီးသည် ၆ဝစီးနင်းလိုက်ပါလာသည့်ရထားနှင့်မြေတူးစက်တို့ တိုက်မိကြရာ လူတစ်ဦး သေဆုံးခဲ့ကြောင်း၊ အမှုကိုစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သက်ဆိုင်ရာက ကြေညာသည်။

ဆစ်ဒနီရုပ်ရှင်ပွဲတော် ဇွန် ၃ရက် စတင်ဖွင့်လှစ်မည်

(၅၇)ကြိမ်မြောက် ဆစ်ဒနီရုပ်ရှင်ပွဲတော်ကို ဇွန် ၃ရက်မှ ၁၄ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ညွှန်ကြားရေးမှူး ကလယ်ယာစတီးဝပ်က မေ ၅ရက်တွင် ထုတ်ဖော်ပြောကြားသည်။

မလေးရှားသူနာပြုဘွဲ့နှင့် ဒီပလိုမာလက်မှတ်ပေးမည်

မလေးရှားနိုင်ငံ၌ သူနာပြုအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ပိုမိုစိတ်ဝင်စားလာစေရန်အတွက် သူနာပြုသင်တန်းများမှ ဘွဲ့များ၊ ဒီပလိုမာများပေးအပ်ရန် စီစဉ်လျက်ရှိသည်။ လက်ရှိအချိန်တွင် လူ ၃၄၀ တွင် သူနာပြုတစ်ဦးနှုန်းရှိရာမှ ၂၀၁၅ ခုနှစ်၌ လူ ၂၀၀ လျှင် တစ်ဦးနှုန်းရှိမည်ဟု မျှော်မှန်းထားသည်။

အီတလီနှင့်ကူဝိတ် အပြန်အလှန် ရင်းနှီးမြှုပ်နှံမည်

အီတလီဝန်ကြီးချုပ်ဘာလူစကိုနီနှင့် ကူဝိတ်စော်ဘွားဆာဘားအယ်အာမက်အယ်ဆာဘားတို့တွေ့ဆုံပြီး နှစ်နိုင်ငံအခြေခံအဆောက်အအုံဆိုင်ရာ အပြန်အလှန်ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ရောမမြို့၌ မေ၃ရက်က ဆွေးနွေးကြကြောင်း အီတလီအစိုးရက ကြေညာသည်။

အာရေဗျ ခရီးသွားဈေးကွက်ပြပွဲ ဒူဘိုင်း၌ဖွင့်

တရုတ်ကုမ္ပဏီ၂၇ခုအပါအဝင် ကမ္ဘာတစ်ဝန်းမှကုမ္ပဏီ၂၂၀၀ကျော် ပါဝင်ဆင်နွှဲသည့် (၁၇)ကြိမ်မြောက် အာရေဗျခရီးသွားဈေးကွက်ပြပွဲကို ဒူဘိုင်းမြို့၌ မေ၃ရက်က ဖွင့်လှစ်လိုက်သည်။

ကနေဒါအနောက်ပိုင်း၌ ရထားနှင့်ကားတိုက်မိ၍သုံးဦးသေဆုံး

ကနေဒါနိုင်ငံအနောက်ပိုင်း အယ်လ်ဘာတာပြည်နယ်တွင် မေ၅ရက်က ရထားနှင့် ထရပ်ကားတို့တိုက်မိသဖြင့် လူတစ်ဦးနှင့်ကလေးနှစ်ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ ***(အင်တာနက်)***

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် မီးသတ်ဦးစီးဌာန (နေပြည်တော်)၏ (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မီးသတ်ဦးစီးဌာန (နေပြည်တော်)၌ ကျင်းပ

နေပြည်တော် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန (နေပြည်တော်)၏ ၂၀၁၀ ခုနှစ် (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနား အောင်မင်္ဂလာရပ်ကွက်ရှိ မြို့နယ် မီးသတ်စခန်းရှေ့၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားပြီး (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်ဦးစီးဌာန (နေပြည်တော်)သို့ အလှူငွေများ ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စခန်းသာယာလှပရေးဆုများ အပါအဝင် ဆုရရှိသူ အသီးသီးတို့အား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ကြသည်။

သရုပ်ပြ

ယင်းနောက် အသက်ကယ်နှင့် မီးငြိမ်းသတ်မှုစွမ်းရည် သရုပ်ပြပွဲအစီအစဉ်များကို အမျိုးအစားအလိုက် ဆက်လက်ကျင်းပပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက ဆောင်ရွက်သည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း အသီးသီးမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ပြည်နယ်၊တိုင်းများမှ ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်နယ်၊တိုင်းအလိုက် ၂၀၀၉ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဆက်လက် ဖတ်ကြားတင်သွင်းရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ဧရာဝတီ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ ပြည်နယ်၊တိုင်းအလိုက် အသီးသီး ဖတ်ကြား တင်သွင်းကြသည်။

ဆက်လက်၍ သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေး ဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များက စာတမ်းများဖတ်ကြားတင်သွင်း ကြရာ ကချင်ပြည်နယ်က “ကချင်ပြည် နယ် အတွင်း မျိုးဆက်ပွား ကျန်းမာရေးစောင့် ရှောက်ပေးနိုင်မှု အခြေအနေများကို လေ့လာ ခြင်း” စာတမ်း၊ ကယားပြည်နယ်က “အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့်ပတ်သက် ၍ ပျို့ရွယ်သူများ၏ အသိပညာခံယူချက်ကို လေ့လာခြင်း” စာတမ်း၊ ကရင်ပြည်နယ်က “ပြည်သူလူထု၏ တီဘီရောဂါအကြောင်း သိနားလည် လိုက်နာမှု လေ့လာခြင်း” စာတမ်း၊ ချင်းပြည်နယ်က “ရောဂါသုံးမျိုး တိုက်ဖျက်ရေး ချင်းပြည်နယ် အသင်းဝင် များကပါဝင်ပေး” စာတမ်း၊ စစ်ကိုင်းတိုင်း က “ပျို့ရွယ်သူ မျိုးဆက်ပွားကျန်းမာရေး” စာတမ်း၊ တနင်္သာရီတိုင်းက “လုံခြုံစိတ်ချ မိခင်ဘဝ မြိတ်သားဖွားခန်းက စံနမူနာပြ” စာတမ်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) က “၂၀၀၈ ခုနှစ်အတွင်း သားဖွားခဲ့သော အမျိုးသမီး များ၏ မျိုးဆက်ပွား ကျန်းမာရေး စောင့် ရှောက်မှုအခြေအနေလေ့လာခြင်း” စာတမ်း နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)က “အသက် ငါးနှစ်အောက်ကလေးငယ်များ၏ အာဟာရ ဖွံ့ဖြိုးမှုနှင့် မိခင်များ၏ အာဟာရဆိုင်ရာ ဗဟုသုတ၊ အပြုအမူနှင့် အလေ့အကျင့်များ လေ့လာခြင်း” စာတမ်းတို့ကို ဖတ်ကြား တင်သွင်းကြပြီး ပထမပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ မကွေးတိုင်း က “မိခင်ဘဝလုံခြုံဖို့ ကူညီ ပူးပေါင်းဆောင်ရွက်စို့” စာတမ်း၊ မန္တလေး တိုင်းက “ငါးနှစ်အောက်ကလေးများ၏ ချို့တဲ့မှု ကာကွယ်ရေးလုပ်ငန်းများတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှု” စာတမ်း၊ မွန်ပြည်နယ်က “မွန်ပြည်နယ် တွင် ဆောင်ရွက်လျက်ရှိသော အာဟာရ ဘဏ်လုပ်ငန်းများအကြောင်းလေ့လာခြင်း” စာတမ်း၊ ရခိုင်ပြည်နယ်က “မိခင်နို့တိုက် ကျွေးမှု စံပြမိခင်ပြိုင်ပွဲဝင် မိခင်များ၏ အာဟာရဖွံ့ဖြိုးရေး အသိပညာများအား ဆန်းစစ်လေ့လာခြင်း” စာတမ်း၊ ရန်ကုန် တိုင်းက “ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ် ထားသည့် မြို့နယ်မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်း သားဖွားခန်းများ၏ ဆောင်ရွက်မှုများကို ဆန်းစစ်ခြင်း” စာတမ်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က “တောင်ကြီး ခရိုင် တီဘီရောဂါ တိုက်ဖျက်ရေးဌာနမှ ကုသမှုခံယူရန် ပျက်ကွက်ခဲ့သော လူနာ များ၏ ပျက်ကွက်ရခြင်း အကြောင်းအရင်း လေ့လာခြင်း” စာတမ်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)က “လက်တွဲညီညီ တိုက် ဖျက်မည်၊ တီဘီ၊ အိပ်ချ်အိုင်ဗွီ” စာတမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က “ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက် ရေးအဖွဲ့ဝင်များ၏ မိသားစုစီမံချက်ဆိုင်ရာ လုပ်ရှားမှုများမှ အောင်မြင်မှုမှတ်တမ်းအား လေ့လာသုံးသပ်ခြင်း” စာတမ်းနှင့် ဧရာဝတီ တိုင်းက “ဧရာဝတီတိုင်း နာဂစ်မုန်တိုင်း ဒဏ်ခံရသော ဒေသများအတွင်း ပြည်သူ လူထု၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာများကိုလေ့လာခြင်း” စာတမ်း တို့ကို ဖတ်ကြားတင်သွင်းကြပြီး ဒုတိယနေ့ အစီအစဉ်ကို ရပ်နားလိုက်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ သုတေသန စာတမ်းဖတ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ABE Diploma in Business Management သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် မေ ၅

Wise International School for Executivesက လူငယ်များအတွက် စီးပွားရေးလုပ်ငန်းများတွင် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော Association of Business Executives (ABE), UK မှ ပေးအပ်သည့် ABE Diploma in Business Management သင်တန်းများကို မေလကုန်ပိုင်းတွင်ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်သည်။

တိုက်ရိုက်ချီးမြှင့်

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးသူ တိုင်း တက်ရောက်သင်ကြားနိုင်သော Certificate သင်တန်းများ၊ တက္ကသိုလ် တစ်ခုခုတွင် ပညာသင်ကြားနေသော ကျောင်းသားများအပြင် တက္ကသိုလ်မှဘွဲ့ရပြီး လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေ သူများ တက်ရောက်သင်ကြားနိုင်သော Diploma သင်တန်းများကို တက်ရောက် သင်ကြားနိုင်မည်ဖြစ်ပြီး အဆိုပါသင်တန်း များမှ အောင်မြင်သူများကို ABE, UK မှ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ် များကို တိုက်ရိုက်ချီးမြှင့်ပေးသွားမည်ဖြစ် သည်။

အထူးဂရုပြုသင်ကြား

WISE သင်တန်းကျောင်းတွင် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခကြီးများ၊ ဆရာ ဆရာမကြီးများ၏ ထိရောက်သော သင်ကြားမှုများ၊ နေ့စဉ် အနီးကပ်လေ့ကျင့် သင်ကြားမှုများ၊ Tutorial များ၊ မေးခွန်း ဟောင်းများဖြင့် အောင်ချက်ကောင်းများ၊ ရမှတ်ကောင်းများရရှိအောင် အထူးဂရုပြု သင်ကြားပေးသွားမည်ဖြစ်သည်။

တိုက်ရိုက်စစ်ဆေး

သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး စာမေးပွဲကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလဆန်း တွင် ABE, UK က ကြီးမှူး၍ တိုက်ရိုက် စစ်ဆေးသွားမည်ဖြစ်သည်။

သင်ကြားခွင့်

သင်တန်းသားများသည် WISE မှ လစဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော Free Seminar များ၊ Short Course များကိုလည်း တက်ရောက်သင်ကြားခွင့် ရရှိနိုင်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူ ကျောင်းသားများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့ အစည်းများသည် Wise International School for Executives အခန်းအမှတ် ၁၀၀၉ (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေး ဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်း မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၅၅၆၁၈၃၊ ၀၉-၅၁-၅၇၀၃၂တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ကြက်ဥ၊ ဘဲဥ ထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများအသင်းနှင့် Myanmar C.P.Livestock Co., Ltd. တို့၏ ကူညီပံ့ပိုးမှုတို့ဖြင့် မေ ၈ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာ ခင်မောင်လွင် (Fame Pharmaceutical) က ကြက်ဥနှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိ သည်။

(မြန်မာ့အလင်း)

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်က ကဇွန်းထောင့်ကျေးရွာအနီး သာယာဖြောင့်ဖြူးနေသော မောချောင်းတံတား အလှကား ရှုမငြီးဖွယ်ရာပင်····။

○ *ကျော်ဖုံးမှ*

တောင်ပေါ်လမ်းကွေ့

မကြာမီ **"မြစ်သာတာတမံသို့ ကဇွန်းထောင့်ရွာသို့"**ဟု လမ်းညွှန်ထားသော တောင်ပေါ်လမ်းကွေ့သို့ ချိုးဝင်လိုက်သည်။ ဩော်-ကဇွန်းထောင့်သို့ ရောက်တော့မှာပါကလား။ နွေအပူ နေရောင်ခြည်ပြင်းပြင်းသည် ကားပေါ်သို့ ကျရောက်နေဆဲ။ ဦးထုပ်ကျွတ်မကျရန် လက်က ထိန်းလိုက်ခဲ့ရ၏။ ကားကြီးသည် တောင်ပေါ်တောင်ရိုးအတိုင်း မောင်းနှင်နေ၏။ လာတုန်းကလို မမြန်တော့။ မှန်မှန်သာ မောင်းနေ၏။

မောချောင်းတံတား

၁၅ မိနစ်ခန့်အကြာတွင် "ကဇွန်းထောင့်ကျေးရွာမှ လှိုက်လှဲစွာကြိုဆိုပါ၏" ဆိုသော ဆိုင်းဘုတ်နှင့် မောချောင်းတံတား၊ မောချောင်းတံတားထိပ်ရှိ ထန်းပင်တွေနှင့် သွပ်ဖွေးဖွေး အိမ်ကလေးတစ်လုံးကို လှမ်းမြင်ရ၏။ ကားကြီးသည် မှန်မှန်ပင် မောင်းလာပြီး မောချောင်းတံတားပေါ်ဖြတ်ကာ ဘယ်ဘက်သို့ ချိုးဝင်၍ ကဇွန်းထောင့် လက်ဖက်ရည်ဆိုင်ရှေ့တွင် ထိုးရပ်သွားလေသည်။ ကဇွန်းထောင့်ရွာသို့ ရောက်လေပြီ။

ဝမ်းသာမဆုံး

ကဇွန်းထောင့်ရွာသား ဦးဝင်းမင်းအောင်နှင့် သွားရောက်တွေ့ဆုံပြီး သိလိုသမျှ မေးခဲ့ရသည်။ "ဆရာကြီး ကျွန်တော်ငယ်ငယ်က ဒီမောချောင်းကြီးကို ကားဖောက်ကွင်းနဲ့ ရေဖော့ကူး

တံတားထိပ်ရောက်လျှင် ဆိုင်ကယ်ကို ရပ်လိုက်သည်။ တံတားထိပ်၌ မောချောင်းတံတားဆိုင်းဘုတ် အသစ်စက်စက်ကို တွေ့လိုက်ရသည်။ အညွှန်းဆိုင်းဘုတ် ဖတ်လိုက်ရာ-

မြစ်သာရေလှောင်တမံစီမံကိန်း
မောချောင်းတံတား

တံတားအရှည်	-	ပေ ၃၆၀
တံတားအကျယ်	-	ပေ ၂၀
ယာဉ်သွားလမ်းအကျယ်	-	၁၄ပေ
တံတားခံနိုင်ဝန်	-	၃၆တန်ဟု ရေးထား

လေသည်။ ထိုဆိုင်းဘုတ်နှင့် တံတားကြီးကို ဓာတ်ပုံရိုက်ပြီး မောချောင်းထဲ ဆင်းလာခဲ့ကြသည်။ မောချောင်းရေပြင် ဝါးတံတားအနီးတွင်ကား လယ်ထွန်စက်ဖောက်ကွင်းကြီးဖြင့် ရေဖော့နေသူများ၊ အဝတ်လျှော်၊ ရေချိုးနေသော အမျိုးသမီးများနှင့် ကလေးများကို တွေ့ရသည်။

မြစ်သာရေလှောင်တမံ

ဝါးတံတားကလေး၏ အောက်ဘက် မောချောင်းတစ်လျှောက် ကမ်းဘေးဝဲယာတို့တွင် မြစ်သာရေလှောင်တမံသို့ ပေးပို့နေသည့် သဲပုံ၊ ကျောက်ပုံကြီးများကို တစ်မျှော်တစ်ခေါ် တွေ့ရလေသည်။ သဲခွဲ၊ ကျောက်ခွဲနေသော စက်သံများကိုလည်း ကြားနေရသည်။

သည်သဲ၊ သည်ကျောက်တို့ကား ကဇွန်းထောင့်ရွာသူရွာသားတို့ကို "အလုပ်" ရစေသည်၊ ဝင်ငွေ ဖြောင့်စေသည်။ စားဝတ်နေရေး ချောင်လည်စေသည်၊ ဝင်ငွေတိုးစေသည်။



မောချောင်းတံတားထိပ်က လှိုက်လှဲစွာကြိုဆိုနေသော ကဇွန်းထောင့်ရွာကလေးနှင့် မောချောင်းတံတားအလှ။

ဖြတ်ပြီး ကျောင်းတက်ခဲ့ရတာ ငါးတန်းကနေ ၁၀ တန်းအထိပဲ။ ဆေးမင်းတော အထကမှာ ကျောင်းတက်ခဲ့ရတာပါ။ ရေဖော့ရင်းနဲ့ ဒိုက်ပုံကြီးတွေ၊ သစ်ပင်ကြီးတွေ မျှောပါလာတာ မနည်းရှောင်ခဲ့ရတယ်။ ဒီရွာက လေးတန်းအောင်တဲ့ ကလေးတိုင်း ဒီမောချောင်းကို ရေဖော့ပြီး ဆေးမင်းတောမှာ ကျောင်းတက်ခဲ့ရတာ။ အသက်စွန့်ပြီး ကျောင်းတက်ခဲ့ရတာပါ။ အခုတော့ အိပ်မက်မက်ဖို့တောင် စိတ်မကူးခဲ့တဲ့ မောချောင်းတံတားကြီးပေါ်လာလို့ အတော့်ကို ဝမ်းသာမိတယ်။ ဘယ်တုန်းကမှ ဒီလို ဖြစ်လာလိမ့်မယ်လို့ မထင်ခဲ့ဘူး။ တောင်ကြိုတောင်ကြား၊ ထောင့်ကြိုထောင့်ကြားမှာ တံတားကြီးတည်ဆောက်ပေးတာကို အံ့သြမကုန်၊ ဝမ်းသာမဆုံး၊ ကျေးဇူးဆပ်မဆုံးပါပဲ "ဟု ပြောပြသည်။

တံတားကြီးမပြီးသေးမီက ဆိုင်ကယ်များ ဖောက္ကွင်းပေါ်တင်ကာ မောချောင်းကမ်းပါးယံ စောက်စောက်တွင် ခက်ခက်ခဲခဲ ဆိုင်ကယ်တင်ချပြီး သွားခဲ့ရသည်။ ယခုအခါ တံတားကြီးပေါ်၌ ဆိုင်ကယ်တို့ ဥဒဟိုဖြတ်နိုင်ပြီး ထီးလင်း၊ ဂန့်ဂေါ၊ ရေမျက်နီအထိ ဆိုင်ကယ်နှင့် လွယ်လွယ်သွားလာနိုင်ပြီဖြစ်သည်။ တစ်ဖန် ကဇွန်းထောင့်-ဂန့်ဂေါမော်တော်ယာဉ်လိုင်းလည်း ပြေးဆွဲနေပေပြီ။

ဖူးတွေ့ရ

ထို့နောက် မောချောင်းတံတားဘက်သို့ ဆက်လက်သွားရောက်ခဲ့သည်။ ညနေ နေဝင်ရီတရောအချိန် ဖြစ်နေပြီ။ ကွယ်လုလုနေမင်းကြီးသည် မောချောင်းတံတားကြီးပေါ်သို့ ဆလိုက်ထိုးထားသလိုဖြာကျနေရာ တံတားကြီးအလှက ထင်းထင်းကြီးပေါ်နေ၏။ မောချောင်းတံတားထိပ်တွင်မူ ရွှေရောင်၊ ထုံးရောင်ဖွေးဖွေးဖြင့် စေတီငယ်ကလေးကို ဖူးတွေ့ရသည်။

ဖွံ့ဖြိုးတိုးတက်

မြစ်သာတမံရေလှောင်ကန်ကြီးကြောင့် မောချောင်းတံတားကြီးဖြစ်ပေါ်လာကာ တောကြိုအုံကြားက ကဇွန်းထောင့် ရွာသူရွာသားတို့မှာ မောချောင်းတံတားကြီးပေါ်ဖြတ်၍ အနယ်နယ်အရပ်ရပ်သို့ လွယ်ကူစွာ သွားလာနေကြပြီ။ ကဇွန်းထောင့်မှ လေးတန်းအောင် မူလတန်းကျောင်းသားကလေးတို့မှာလည်း မောချောင်းတစ်ဖက်ကမ်းရှိ ငါးမိုင်ခန့်ဝေးကွာသော ဆေးမင်းတော အထကသို့ လွယ်ကူစွာ ကျောင်းတက်နိုင်ကြပြီ။ ဆေးမင်းတော တိုက်နယ်ဆေးရုံသို့ မကျန်းမာသူများ လွယ်ကူစွာ သွားလာ၍ ဆေးဝါးကုသနိုင်ကြပြီ။ ဆက်သွယ်သွားလာရေး ကောင်းမွန်လွယ်ကူလာသည့်အတွက် ကဇွန်းထောင့်ရွာအနီးဝန်းကျင်၌ ဖွံ့ဖြိုးတိုးတက်ခဲ့ပေပြီ····။

စည်ကားတိုးတက်

ကဇွန်းထောင့်ရွာကား ထောင့်ကျမနေတော့ဘဲ အခြားမြို့ပြ၊ ကျေးရွာများကဲ့သို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီ။ ကဇွန်းထောင့်ကျေးရွာကလေးတွင် ကျေးရွာစာကြည့်တိုက်၊ မူလတန်းကျောင်း၊ တယ်လီဖုန်းတို့ဖြင့် တစ်နေ့တခြား စည်ကားတိုးတက်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးမှု ကွန်ရက်များ

မောချောင်းတံတားအနီးက ကဇွန်းထောင့်ရွာကလေး။ သည်ရွာကလေးက အိပ်မက်လွန်တံတားကား မောချောင်းတံတားပေတည်း။ မောချောင်းအလှကြောင့် ဒေသဖွံ့ဖြိုးမှု ကွန်ရက်များ မြင်တွေ့ရမည်ဖြစ်ပေရာ တစ်ခါတစ်ခေါက် လာရောက်လှည့်ပါဦးဟု ဖိတ်ခေါ်လိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၁၀ခုနှစ်၊ မေလ (၈) ရက်

World Red Cross Day
8th May, 2010

"Urbanization"

"မြို့ပြလူမှုဘဝမြင့်မားရေး လူထုအခြေပြုလုပ်ငန်းဆောင်ရွက်ပေး"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မေ ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန၏ စီမံခန့်ခွဲမှု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA)တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ Freight Forwarding Industry စွမ်းဆောင်ရည် တိုးမြှင့်လာနိုင်ရေးအတွက် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်း Foundation Course an International Transport and Logistics UNESCAP-FITL (2/2010)ကို မေ ၁၄ရက်မှ ၁၆ရက် အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ငါးလွှာရှိ (MIA) အခန်း၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများသည် MIFFA အသင်းရုံး ဖုန်း-၂၁၄၈၄၇သို့ စာရင်းပေးပို့ ဆက်သွယ်နိုင်ပြီး ယင်းသင်တန်းကို စဉ်ဆက်မပြတ် ဖွင့်လှစ်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဇေယျာရွှေမြေ F.C ၏ တရားဝင်အားကစားဝတ်စုံအဖြစ် Dragon အင်ဂျင်ဝိုင်က ပံ့ပိုးကူညီလက်မှတ်ရေးထိုး

ရန်ကုန် မေ ၅

Dragon အင်ဂျင်ဝိုင်အမှတ်တံဆိပ်အား ဇေယျာရွှေမြေအသင်း၏ တရားဝင်အားကစားဝတ်စုံအဖြစ် ပံ့ပိုးကူညီခြင်း စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဧပြီ ၂၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အမှာစကားပြောကြား

အဆိုပါ အခမ်းအနား၌ ဇေယျာရွှေမြေအသင်းဥက္ကဋ္ဌ ဦးသူရိန်နှင့် Dragon အင်ဂျင်ဝိုင် တင်သွင်းဖြန့်ချိသော AA Marketing Co., Ltd. မှ ဒါရိုက်တာ ဒေါက်တာစောနေနွယ်တို့က အမှာစကား ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် Dragon အင်ဂျင်ဝိုင် အမှတ်တံဆိပ်ပါ ဘောလုံးအားကစားဝတ်စုံ ကူညီပံ့ပိုးခြင်းအတွက် စာချုပ် ချုပ်ဆိုခြင်းကို AA Marketing Co., Ltd. မှ ဒါရိုက်တာ ဒေါက်တာစောနေနွယ်နှင့် ဇေယျာရွှေမြေအသင်းမှ CEO ဗိုလ်မှူး မောင်ဝင်း(ငြိမ်း)တို့က လက်မှတ်ရေးထိုးကြသည်။

တင်သွင်းရောင်းချ

Dragon အင်ဂျင်ဝိုင်ကို အမေရိကန်နိုင်ငံ အခြေစိုက် Dragon Oil Inc. က အရှေ့တောင်အာရှ ဈေးကွက်သို့ ၁၉၉၇ ခုနှစ်မှ စတင်ဝင်ရောက်ခဲ့ပြီး စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၌ American Petroleum Institute ၏ API Standard နှင့် အညီထုတ်လုပ်ကာ AA Marketing Co., Ltd.က မြန်မာနိုင်ငံသို့တင်သွင်းရောင်းချလျက်ရှိသော ကမ္ဘာ့အဆင့်အတန်းမီ အင်ဂျင်ဝိုင်ဖြစ်သည်။ Dragon အင်ဂျင်ဝိုင်သည် အင်ဂျင်ကို ကြံ့ခိုင်စေသကဲ့သို့ အင်ဂျင်၏ သက်တမ်းကိုလည်း ပိုမိုကြာရှည်စေနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာချုပ်လက်မှတ်ရေးထိုး

Dragon အင်ဂျင်ဝိုင်အမှတ်တံဆိပ်အား ဇေယျာရွှေမြေအသင်း၏ တရားဝင်အားကစားဝတ်စုံအဖြစ် ပံ့ပိုးကူညီခြင်း စာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာဖွယ်

နေပြည်တော် မေ ၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၅၆ လက်မနှင့် မင်းတပ်မြို့တွင် ၀ ဒသမ ၂၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၆ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နယ်ချဲ့ပုဆိန်နှင့် သစ္စာဖောက်ပုဆိန်ရိုးတို့၏ အကြမ်းဖက် လူသတ်လုပ်ရပ်ဖြစ်စဉ်များ

မောင်နွယ်စစ်

သင်္ကြန်အကြတ်နေ့ (၂၀၁၀ခုနှစ် ဧပြီလ ၁၅ရက်နေ့) ညနေ ၃နာရီခန့်အချိန် ရန်ကုန်မြို့ ကန်တော်ကြီးကန်ပတ်လမ်းရှိ X_2O သင်္ကြန်မဏ္ဍပ်တွင် ပျော်ရွှင်စွာရေကစားနေသော ပြည်သူလူထုအတွင်း အကြမ်းဖက်အဖျက်သမား၊ ပုဆိန်ရိုးသစ္စာဖောက်များက ဗုံးသုံးလုံးခွဲခဲ့ရာ အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးသေဆုံးခဲ့သည်။ အမျိုးသား ၁၂၅ဦး၊ အမျိုးသမီး ၄၅ဦး စုစုပေါင်း ၁၇၀ဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရသူများကို ရန်ကုန်ဆေးရုံကြီးနှင့် သဃ်န်းကျွန်းဆေးရုံကြီးတို့တွင် ကုသပေးလျက်ရှိသည်။ မြန်မာ့ရုပ်မြင်သံကြားသတင်းမှ မိနစ်ပိုင်းမျှခြားပြီး အကြိမ်ပေါင်းသုံးလေးဆယ် ထိုသတင်းကို လွှင့်ထုတ်ပေးခဲ့သည်။ တစ်နိုင်ငံလုံးမှ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ ထိုသတင်းဆိုးကို ကြားကြရသည်။ ထိခိုက်သေဆုံး၊ ဒဏ်ရာရသူများအတွက် ကြေကွဲကြရသည်။ ကြေကွဲစိတ်မှသည် ချက်ချင်းပင် အဖျက်သမား လူယုတ်မာများအပေါ် သည်းမခံနိုင်မလွတ်နိုင်သော ဒေါသအဖြစ် ပြောင်းလဲသွားကြသည်။

ဒဏ်ရာရရှိသူများအနက်မှ အမျိုးသား ၃၉ဦး၊ အမျိုးသမီး ၁၆ဦး စုစုပေါင်း ၅၅ဦး ဒဏ်ရာများ သက်သာပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှ ဆင်းသွားသည့်သတင်းကို ဧပြီ ၁၆ရက်နေ့ သတင်းများ၌ တွေ့ရသည်။ ဗုံးပေါက်ကွဲစဉ် သေဆုံးသူ ရှစ်ဦးမှာ ယင်းနေရာတွင် တာဝန်ထမ်းဆောင်နေသော မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး မန္တလေးလမ်း အမှတ် ၂၈မှ ရာအိမ်မှူး ဦးခင်မောင်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာလမ်းနေ ဦးစိုးဝင်း၊ ဒေါ်နီနီသိန်း၊ ဒေါ်ဌေးဌေးရီ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးမှ ဦးကျင်အောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်မဟာသုခလမ်း အမှတ် ၃၄နေ ဦးအေးကိုကိုမောင်တို့နှင့် အသက် ၃၀အရွယ် အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြသည်။

မသမာသူ လူယုတ်မာများလက်ချက်ဖြင့် ကွယ်လွန်သူ ရှစ်ဦးတွင် ခရစ်ယာန်ဘာသာဝင် နှစ်ဦး၊ အစ္စလာမ်ဘာသာဝင် တစ်ဦးနှင့် ဗုဒ္ဓဘာသာဝင် ငါးဦး ပါဝင်သည်။ ကွယ်လွန်သူများကို သင်္ကြန်အတက်နေ့ (၁၆-၄-၂၀၁၀) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ရာ စိတ်မကောင်းစွာ လိုက်ပို့ကြသော လူထုပရိသတ်မှာ တိုးမပေါက်အောင် စည်ကားခဲ့သည်။

ထိုမင်္ဂလာအတာသင်္ကြန်ရေထဲသို့ မျက်ရည်နှင့်သွေးများ ရောနှောအောင် ယုတ်မာပက်စက်သော သင်္ကြန်အကြတ်နေ့ ဗုံးဖောက်ခွဲမှုသတင်းကို မြန်မာမီဒီယာများက ဆက်တိုက်၊ အစဉ်မပြတ် အမှန်အတိုင်း ကြေညာပေးနေသည့်ကြားမှ ပြည်ပြေးများကြီးစိုးရာ အနောက်အသံလွှင့်ဌာနများနှင့် ပြည်တွင်းအဖျက်သမားများက အများပြည်သူတို့အား သတင်းလိမ်၊ သတင်းပွားများဖြင့် ထိုးနှက်လာကြသည်။

ပြည်ပြေးအသံလွှင့်ဌာနတစ်ခုကမူ ရန်ကုန်မှာ ဗုံးခွဲတဲ့ကိစ္စကို မည်သူမည်ဝါခွဲကြောင်း မြန်မာအစိုးရ မီဒီယာများက တစ်ခွန်းမှ မပြောသေးဟု ဆိုကာ ယုန်ထင်ကြောင်ထင်ဖြစ်စေရန် လွှင့်ထုတ်သွားသည်။ ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၁ရက်နေ့က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့လယ် မင်ဟက်တန်ရပ်ကွက်ရှိ အထပ် ၁၁၀မြင့်သည့် ဝေါလ်ထရိတ်စင်တာ (ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာန) မိုးမျှော်တိုက်မြင့်ကြီး နှစ်လုံးကို ခရီးသည်တင် လေယာဉ်နှစ်စင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အဆောက်အအုံကြီး နှစ်ခုစလုံး မြေပေါ်ပုံကျသွားခဲ့သည်။ လူသုံးထောင်လျော့လျော့ သေဆုံးခဲ့သည်။

အမေရိကန်မှ ကမ္ဘာကျော်မှုခင်း စုံစမ်းထောက်လှမ်းရေးအဖွဲ့ကြီး (FBI) ညွှန်ကြားရေးမှူး ရောဘတ်မွဲယ်လာက ထိုဝေါလ်ထရိတ်စင်တာကို ပြန်ပေးဆွဲလာသည့် အမေရိကန် ပြည်တွင်းခရီးသည်တင် လေယာဉ်နှစ်စင်းဖြင့် ဝင်တိုက်သောတရားခံများကို မည်သူမည်ဝါမှန်း မသိရသေးပါဟု အခင်းဖြစ်ပြီး ရှစ်လကြာသည်အထိ ပြောနေခဲ့ရသည်။ အာဖဂန်နစ္စတန်ကို ရေနံပိုက်လိုင်းသွယ်ရေးကိစ္စနှင့်ပတ်သက်၍ ကျူးကျော်တိုက်ခိုက်ရန် ကြံတင်ကြံစည်နေသော အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ကသာ ရက်ပိုင်းအတွင်း အာဖဂန်နစ္စတန်တွင်ရှိနေသော အယ်လ်ခိုင်ဒါ အဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်၏လက်ချက်ဟု စွပ်စွဲလျက် အခင်းဖြစ်ပြီး ၂၆ရက်အကြာ အမေရိကန်လေတပ်က အာဖဂန်ကို ဗုံးကြဲကာ ကျူးကျော်စစ် စတင်ခဲ့သည်။

နောက်ပိုင်း စက်တင်ဘာ ၁၁ရက်နေ့အကြမ်းဖက်မှုတွင် အမေရိကန်အရပ်ဘက် ခရီးသည်တင်လေယာဉ်ပျံများကို ပြန်ပေးဆွဲပြီး ခရီးသည်ရော၊ လေယာဉ်ပျံရော၊ မိမိတို့ကိုယ်တိုင်ပါ အသေခံပြီး ဝေါလ်ထရိတ်စင်တာ တိုက်မြင့်ကြီး နှစ်လုံးဝင်တိုက်သည့် တရားခံ ၁၉ဦးမှာ အာရပ်လူမျိုးများဖြစ်ကြောင်း၊ ယင်းတို့အနက် ၁၇ဦးမှာ ဆော်ဒီအာရေဗျနိုင်ငံသားများဖြစ်ကြောင်း၊ ထိုအာရပ်များသည် အမေရိကန်သို့ တရားဝင်လာရောက်နေထိုင်ကာ အမေရိကန် လေယာဉ်မောင်းသင်တန်းများ၌ တရားဝင်နှစ်နှင့်ချီပြီး တက်ရောက်သင်ကြားနေသူများဖြစ်ကြောင်း ပေါ်ပေါက်လာခဲ့သည်။

အဆိုပါ စက်တင်ဘာ ၁၁ရက်နေ့ နယူးယောက်မှ တိုက်ခိုက်မှုအပါအဝင် အခြားဗုံးခွဲမှု တိုက်ခိုက်မှုများမှာလည်း တရားခံကို ချက်ချင်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြသည် မဟုတ်ပေ။ သေချာဂန စုံစမ်းထောက်လှမ်းဖော်ထုတ်ရသည့် သဘောသဘာဝကိုမသိဘဲ ဗုံးခွဲလျှင်ခွဲချင်း တရားခံနာမည်ဖော်မပြနိုင်ကောင်းလားဟု ပြည်ပြေးများနှင့် ပြည်တွင်းမှ ပုဆိန်ရိုးများကဆိုလာကြခြင်းမှာ သူတို့၏ ဗုံးခွဲသတ်ဖြတ်မှုအပြစ်ကြီးကို ဖုံးကွယ်ရန် ကြိုးစားကြခြင်းသာ ဖြစ်လေသည်။

အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့က ရှစ်လကြာသည့်တိုင် (ဥပဒေနှင့်အညီ တရားနည်းလမ်းတကျ) တရားခံကို လက်ဆုပ်၊ လက်ကိုင် မဖော်ထုတ်နိုင်ဘဲရှိပါလျက် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ၁ရက်၂ရက်အတွင်း အိုစမာဘင်လာဒင်ကို တရားခံအဖြစ် လက်ညှိုးထိုးပြခဲ့သည်။ ထိုကဲ့သို့သာ မြန်မာတို့ကလည်း ယခုနှစ် သင်္ကြန်အကြတ်နေ့ ဗုံးခွဲလူသတ်သူမှာ ပြည်ပြေးခေါင်းသူကြီး NCGUB စိန်ဝင်း၊ ၎င်း၏တပည့် ပြည်သစ်ညွှန့်ဝေ(ခေါ်) မောင်မောင်၊ ပြည်ပြေး NLD၊ ABSDF၊ စွမ်းအားမြင့်စစ်သည်တော်အဖွဲ့ စသည့် ပြည်ပြေး၊ ကြေးစား၊ အကြမ်းဖက်သမားများဟု အကြမ်းဖျင်းပြောလိုက်လိုပေသည်။ ဗုံးတစ်လုံးခွဲပေးလျှင် ဘယ်နှသိန်းရမည်ဆိုပြီး သူတို့စည်းရုံးစေလွှတ်လိုက်သည့်အတွက် ကိုယ်တိုင်လာရောက်ဗုံးခွဲခဲ့ရသည့် ကြေးစားလူသတ်သမားအမည်ကိုမူ အတိအကျ စုံစမ်းဖော်ထုတ်ပြီးမှ ပြောရပေလိမ့်မည်။

ဦးနု-ဦးလောရုံတို့ဦးဆောင်သော ၁၉၆၉-၇၀ ပြည်ပြေးလှုပ်ရှားမှုကာလကလည်း ထိုစဉ်က ပေါက်ဈေးဗုံးတစ်လုံး (အထူးသဖြင့် လက်ပစ်ဗုံးတစ်လုံး) ငွေကျပ် ၆၀၀ဖြင့် ဗုံးလာခွဲသူများ ရှိခဲ့သည်။ ရန်ကုန်ဘူတာကြီးအတွင်း ခရီးသည်များအကြား လက်ပစ်ဗုံး ပစ်ချဖောက်ခွဲသူ၊ ရန်ကုန်ဆေးရုံကြီး ဓာတ်လှေကားအတွင်း လက်ပစ်ဗုံးပစ်သွင်းကာ လူနာများကိုသတ်ဖြတ်သူ ပြည်ပြေးညွှန့်တင်အား ပြည်သူတို့ သတင်းပေး၍ ဖမ်းမိခဲ့သည်။ ပြည်ပြေးညွှန့်တင်ကို တရားရုံးမှ သေဒဏ်ပေးခဲ့ရာ ရန်ကုန်ထောင်ကြီးအတွင်းရှိ ကြိုးစင်ပေါ်တင်ကာ ကြိုးပေးကွပ်မျက်ခဲ့ရသည်။ ထိုစဉ်ကလည်း ဦးနု၊ ဦးလောရုံနှင့် နောက်လိုက်ပြည်ပြေးများ၊ ဗိုလ်မှူးအောင်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်စကြာ၊ ဗိုလ်လက်ျာ၊ ကျိုက်မရောဦးသွင်၊ ရန်ကုန်ဘဆွေ၊ တင်မောင်ဝင်း၊ ရဲကျော်သူ စသည်တို့သည် ပြည်သူ့ဒီမိုကရေစီပါတီအမည်ခံပြီး ဒီမိုကရေစီကြွေးကြော်သံဖြင့် ဗုံးခွဲခဲ့ကြသည်ကို တွေ့နိုင်သည်။

၁၉၈၈ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန် ပြည်ပြေးဟောင်းများနှင့် မနူးမနပ် ပြည်ပြေးလက်သစ်များသည်လည်း ဒီမိုကရေစီစကားလုံးကို မိုးမွှန်အောင်ရွတ်ပြီး လေယာဉ်ပြန်ပေးဆွဲ၊ မူးယစ်ဆေးဝါးကုန်ကူး၊ နယ်ချဲ့နိုင်ငံများမှ အထောက်အပံ့ယူ၊ ခိုင်းတာလုပ်၊ မိုင်းထောင်ဗုံးခွဲ စသည့် အကြမ်းဖက် လူသတ်လုပ်ရပ်များ၊ ပြည်ဖျက်လုပ်ရပ်များ လုပ်လာကြပေသည်။

ယနေ့ အီရတ်၊ အာဖဂန်နစ္စတန်နိုင်ငံတို့ကို အကြောင်းပြချင်ရာပြပြီး နယ်ချဲ့နိုင်ငံများနှင့် ၎င်းတို့လက်ကိုင်တုတ် နေတိုးစစ်အုပ်စုက ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ အီရတ်တွင် အရပ်သားခုနစ်သိန်းကျော်၊ အာဖဂန်တွင် သုံးလေးသောင်း သေကျေခဲ့ကြရပြီး နိုင်ငံနှစ်နိုင်ငံစလုံး အမှုန့်ဖြစ်နေပြီ။ အီရတ်မှ ရေနံများကိုလည်း ကျူးကျော်နိုင်ငံမှ အရင်းရှင်ကုမ္ပဏီများက မြိန်ရေရှက်ရေ ထုတ်ယူနေကြပြီ။ ထိုအခါ မခံရပ်နိုင်သော ဒေသခံများက ကျူးကျော်သူများကို ပြန်တိုက်သည်။ ဗုံးခွဲသည်။ ဗုံးခွဲရာ၌ အသေခံပြီး ဗုံးခွဲတိုက်ခိုက်နေကြသည်။ ထိုဗုံးများကို နယ်ချဲ့ဆန့်ကျင်ရေးဗုံး၊ အမျိုးသားလွတ်မြောက်ရေးဗုံးဟုဆိုက ဆိုနိုင်လောက်ပေသည်။

မြန်မာနိုင်ငံကား ပြောင်းပြန်ဖြစ်သည်။ လွတ်လပ်ရေးပြန်ရပြီး ကိုယ့်နိုင်ငံဖွံ့ဖြိုးအောင်၊ ငြိမ်းချမ်းတည်ငြိမ်အောင် အားထုတ်ကြိုးပမ်းနေသည့် တိုင်းရင်းသား မြန်မာပြည်ထောင်စုဖွား သွေးချင်းသားချင်းများကို နယ်ချဲ့နိုင်ငံများမှပေးသော ထောက်ပံ့ကြေးစား၊ နယ်ချဲ့တို့၏ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်၊ နယ်ချဲ့တို့ပေးသော ခေတ်မီအစွမ်းထက် ဗုံးများဖြင့် ပုဆိန်ရိုးတို့က အလစ်အငိုက် လာရောက် ဖောက်ခွဲသတ်ဖြတ်နေကြသည်။ တကယ့်ဓောက်ထိုး လုပ်ရပ်ဖြစ်သည်။ ဓောက်ထိုးသတင်းလိမ်၊ သတင်းမှား (Disinformation) ဖြင့် မှိုင်းတိုက်၊ မြန်မာပြည်သူတို့ဆင်းရဲကျပ်တည်းအောင် ပိတ်ဆို့နှောင့်ယှက်၊ ပြည်ထောင်စုပြိုကွဲအောင် သွေးခွဲ၊ နောက်ဆုံး အသက်ရှင်သန်ခွင့်ကိုပင် ပိတ်ပင်ကာ ဗုံးခွဲသတ်ဖြတ်နေကြသည်။ ထိုဓောက်ထိုးဟူသော ဝေါဟာရ၏ဆိုလိုရင်းမှာ အဝီစိသို့ ဓောက်ထိုးဆင်းမည့်သူများဟု အဓိပ္ပာယ်ရလေသည်။

အနောက်နယ်ချဲ့မီဒီယာများသည် ဉာဏ်နီဉာဏ်နက်သုံးကာ အသံလွှင့်လုပ်ငန်း မီဒီယာများတွင် နိုင်ငံစုံမှ အမျိုးသား သစ္စာဖောက်တရားခံပြေး၊ ပြည်ပြေးများကို ခန့်ထားပြီး ဒေါ်လာဖြင့် မြူဆွယ်လျက် ကိုယ့်နိုင်ငံကို ပြန်ဖျက်ခိုင်းနေပေသည်။ ဤသို့ ကိုယ့်ပြည်သူကို ငတ်ပြတ်ဆင်းရဲအောင်၊ ကျွန်ဘဝ ပြန်ရောက်အောင်၊ ငြိမ်းငြိမ်းချမ်းချမ်း မနေရအောင်၊ သေကျေပျက်စီးအောင် အဖျက်အမှောင့်လုပ်ရပ်များ လုပ်နေသည်ကိုပင် ဒီမိုကရေစီရေးလှုပ်ရှားနေသည်ဟု ဗန်းတင်ပေးနေကြသည်။

မှတ်မိကြပါလိမ့်မည်။ နယ်စပ်ဒေသတွင် တောင်ကုန်းတစ်ခု၊ ဒေသတစ်ခုကို သောင်းကျန်းသူများက တိုက်ခိုက်သိမ်းပိုက်လိုက်ပြီဆိုလျှင် သောင်းကျန်းသူတို့အား ဂုဏ်တင်ချီးကျူးသောသတင်းအဖြစ် ဝမ်းသာအားရ ကြေညာသော ဘီဘီစီ၊ ဗွီအိုအေအသံများကို မှတ်မိကြဖွယ်ရှိပါသည်။ တပ်မတော်ထိုးစစ်နှင့် ပြည်သူ့စစ် စွမ်းပကားတို့ကြောင့် သောင်းကျန်းသူတို့၏ အခိုင်အမာစခန်းများ ပြိုကွဲကာ တစ်ဖက်နိုင်ငံတွင်းဝင်ပြေးရပြီဆိုလျှင် မြန်မာ့တပ်မတော်က လက်နက်အင်အား မတန်တဆသုံးစွဲတိုက်ခိုက်၍ မိမိတို့ဒေသ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသူများ အကျအဆုံးများစွာဖြင့် ထွက်ပြေးနေရပါပြီ၊ ကမ္ဘာက လူသားချင်းစာနာထောက်ထားမှု အကူအညီပေးကြပါ၊ မြန်မာတပ်များကို ဟန့်တားပေးကြပါဟု မျက်ကလဲဆန်ပျာဖြင့် ငယ်သံပါအောင် အော်ဟစ်လွှင့်ထုတ်ကြသည်မှာလည်း ထိုအနောက်မီဒီယာများပင် ဖြစ်သည်။ ဗွီအိုအေ၊ ဘီဘီစီတို့တွင် ပြည်ပြေးများကို အလုပ်ခန့်ကာ စိတ်တိုင်းကျ လွှင့်ထုတ်ခွင့်ပေးရုံမျှမက အာရ်အက်ဖ်အေခေါ် လွတ်လပ်သော အာရှရေဒီယို၊ ဒီဗွီဘီခေါ် ဒီမိုကရက်တစ်မြန်မာ့အသံတို့ကိုပါ ဒေါ်လာ ကုဋေချီအကုန်ခံ ထူထောင်ပေးထားသည်မှာလည်း အထင်အရှားပင် ဖြစ်သည်။

မြန်မာပြည်သူတို့က အော့ကြောလန်လောက်သော သောင်းကျန်းသူ၊ ပြည်ပြေးတို့က မိုင်းထောင်၊ ဗုံးခွဲလူသတ်ကြပြီဆိုလျှင် ဘီဘီစီ၊ ဗွီအိုအေတို့က ထိုပြည်ပြေးများ၊ သောင်းကျန်းသူများနှင့် အမြန်ဆက်သွယ်ကာ ထိုလုပ်ရပ်မှာ မိမိတို့လုပ်ရပ်မဟုတ်ဟု ငြင်းဆိုဖြေရှင်းခိုင်းလေ့ရှိသည်ကိုလည်း မြန်မာတို့က နောကျေအောင် သိနေပေသည်။

မုတ္တမကမ်းလွန်၌ သဘာဝဓာတ်ငွေ့များ စီးပွားဖြစ်ထွက်ခဲ့သည်။ ပြင်သစ်တိုတယ်၊ အမေရိကန်ယူနိုကယ်နှင့် မြန်မာစွမ်းအင်ဝန်ကြီးဌာနတို့၏ ဖက်စပ်လုပ်ငန်းဖြစ်သည်။ ထိုင်းနိုင်ငံက ချက်ချင်းလာဝယ်သည်။ သယ်ယူပို့ဆောင်ရေးမြန်အောင် ထားဝယ်ဘက်မှ ကုန်းတွင်းဖြတ် ဓာတ်ငွေ့ပိုက်လိုင်း သွယ်ပေးရန် ပြောပါ၍ ဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခဲ့၏။ ထိုစဉ်က ပြည်ပြေးများနှင့် ပုဆိန်ရိုးများက အမေရိကန်၊ ပြင်သစ်ကုမ္ပဏီများ မြန်မာနိုင်ငံမှ ထွက်သွားရန် တောင်းဆို၊ ဆန္ဒပြအကျပ်ကိုင် ဖိအားပေးခဲ့ကြသည်။ စစ်အစိုးရ ချမ်းသာသွားလိမ့်မည်ဟူ၍လည်း ကုန်းအော်ခဲ့ကြသည်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်ရန် ခုတ်ထွင်ရသဖြင့် သစ်တောတွေပြုန်းကုန်ပြီ၊ သဘာဝပတ်ဝန်းကျင် ဥတုရာသီလည်း ပျက်ကုန်ပြီဟု အော်ကြ၏။ ထိုရေနံကုမ္ပဏီများကို အမေရိကန်တရားရုံး၌ တရားစွဲ၏။ မဟုတ်တရုတ် အပုပ်ချသော ရုပ်ရှင်များကို ပြည်ပြေးနှင့် နယ်ချဲ့လျှို့ဝှက်ခြေရှုပ်အဖွဲ့တို့က ဟောလီးဝုဒ်တွင် ရိုက်ကြ၊ ပြသကြ၊ ဝါဒဖြန့်ကြ၏။ သူတို့က စီးပွားရေး ပိတ်ဆို့ထားသဖြင့် မြန်မာတွေ ဆင်းရဲကျပ်တည်းရမည်၊ မကျေမနပ်ဖြစ်ရမည်၊ သို့မှသာ မြန်မာစစ်အစိုးရကို လူထုက ဖြုတ်ချ၊ သူတို့လိုလားသူများ နယ်ချဲ့ရုပ်သေးရုပ် အစိုးရအဖြစ် တက်လာမည်ဟု တွက်ကြသည်။ မြန်မာတွင် ဝင်ငွေမရှိလျှင် ဖွံ့ဖြိုးရေးစီမံကိန်း (လမ်း၊ တံတား၊ စက်ရုံ၊ စက်မှုလယ်ယာ၊ ဆည်တမံ၊ ကျောင်း၊ ဆေးရုံ) စသည်များ ဆက်မလုပ်နိုင်ဟုလည်း တွက်ကြ၏။ သို့သော် ပိုက်လိုင်းသွယ်တန်းကာ ထိုင်းနိုင်ငံနှင့် သဘာဝဓာတ်ငွေ့ ရောင်းပန်းပွင့်ခဲ့သည်။

ပြည်ပြေးများ၊ သောင်းကျန်းသူများက ထိုင်းအစိုးရကို ဝိုင်းဝန်းဆန္ဒပြကာ မြန်မာနိုင်ငံမှ ဓာတ်ငွေ့မဝယ်ရန်တား၏။ မအောင်မြင်။ ထိုအခါ သောင်းကျန်းသူတို့က ထိုင်းနယ်စပ်ဘက်မှ မြန်မာဓာတ်ငွေ့ပိုက်လိုင်းကို ဗုံးထောင်ဖောက်ခွဲကြပြန်၏။ အကြိမ်ကြိမ်ဖောက်ခွဲ၍ အကြိမ်ကြိမ်ပြုပြင်ခဲ့ရသည်။ ပထမအကြိမ် ဖောက်ခွဲစဉ် ကေအင်န်ယူမှ တာမလာဘောက ထိုဓာတ်ငွေ့ပိုက်လိုင်းကို မိမိတို့ ကေအင်န်ယူက ဖောက်ခွဲခဲ့ခြင်းဖြစ်သည်၊ မိမိကိုယ်တိုင် ကြီးကြပ်ညွှန်ကြားခဲ့သည်ဟု အသံလွှင့်ခဲ့၏။ နောက်တစ်နေ့တွင် ဘီဘီစီ၊ ဗွီအိုအေက ကေအင်န်ယူ အတွင်းရေးမှူး ဖဒိုမန်းရှာနှင့်ဆက်သွယ်ကာ ဓာတ်ငွေ့ပိုက်ကို ကေအင်န်ယူ မဖောက်ခွဲဟု ငြင်းဆိုခိုင်းတော့သည်။ ဒါကိုလည်း အများသိကြပြီး ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော် ဖူးမြော်နေသူများ၊ ကုန်တိုက်များ၌ ဈေးဝယ်သူများကို ဗုံးခွဲကြစဉ်ကလည်း ထိုအနောက်အသံလွှင့်ဌာနများကပင် အစိုးရကဖောက်ခွဲပြီး ကေအင်န်ယူကို လွှဲချခြင်းဖြစ်သည်ဟု လုပ်ကြံလွှင့်ထုတ်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းနေသည်။ ဖွံ့ဖြိုးတိုးတက်နေသည်။ ဒီမိုကရေစီ ရွေးကောက်ပွဲကြီးလည်း ကျင်းပရန် ပြင်ဆင်နေပြီ။ ဤသို့သော မင်္ဂလာအချိန် သင်္ကြန်နှစ်ကူးပွဲတော် မင်္ဂလာသမယတွင် ဗုံးခွဲ လူသတ်သူ မည်သူနည်း၊ အရှေ့ပိုင်း၌ ဖြေခဲ့ပါပြီ။ နယ်ချဲ့အားကိုးဖြင့် သစ္စာဖောက်နေကြသော နယ်ချဲ့လက်ကိုင်တုတ် ပြည်ပြေးပုဆိန်ရိုး၊ ကြေးစားလူသတ်သမား ဒီမိုကရေစီ အယောင်ဆောင်များကလွဲ၍ မည်သူဖြစ်ရဦးမည်နည်း။ ။

မြန်မာပြည်သူတို့က အော့ကြောလန်လောက်သော သောင်းကျန်းသူ၊ ပြည်ပြေးတို့က မိုင်းထောင်၊ ဗုံးခွဲ လူသတ်ကြပြီဆိုလျှင် ဘီဘီစီ၊ ဗွီအိုအေတို့က ထိုပြည်ပြေးများ၊ သောင်းကျန်းသူများနှင့် အမြန်ဆက်သွယ်ကာ ထိုလုပ်ရပ်မှာ မိမိတို့လုပ်ရပ် မဟုတ်ဟု ငြင်းဆို ဖြေရှင်းခိုင်းလေ့ရှိသည်ကိုလည်း မြန်မာတို့က နောကျေအောင် သိနေပေသည်။

မိုးကြိုချည်မျှင်ရှည်ဝါစိုက်ခင်း

မိတ္ထီလာမြို့နယ် ညောင်ကိုင်းရွာအနီး စိုက်ပျိုးထားသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းများကို ဤသို့ မျက်စိတစ်ဆုံးတွေ့ခဲ့ရသည်။

❐ *ရှေ့ဖုံးမှ*

စိုက်ခင်းအတွင်း မိုးကြို ချည်မျှင်ရှည်ဝါပင်များ စိုက်ပျိုးမှုကို လိုက်လံစစ်ဆေးနေသော မိတ္ထီလာမြို့နယ် (ဝါနှင့်ပိုးချည်) မန်နေဂျာ ဦးစိုးသိန်းကိုတွေ့၍ မေးမြန်းခဲ့ရာ ““ဒီစိုက်ခင်းမှာ စိုက်ပျိုးထားတာကတော့ မိုးကြိုချည်မျှင်ရှည်ဝါ ငွေချည်(၆) အမျိုးအစားဖြစ်ပြီး ဒေသရာသီဥတုနဲ့လည်း ကိုက်ညီ၊ ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိတဲ့အပြင် အထွက်နှုန်းလည်း ကောင်းပါတယ်။ ဒါကြောင့် မိတ္ထီလာမြို့နယ်အတွင်းက တောင်သူတွေ ငွေချည်(၆)ဝါကို ပိုပြီး စိုက်ပျိုးလာကြပါတယ်””ဟု သတင်းအဖွဲ့အား ရှင်းပြသည်။

“ငွေချည်(၆)ကို စိုက်ပျိုးထားလို့ ပိုးသတ်ဆေးဖျန်းပေးနေတာပါ”

ဦးသိန်းထွန်း
တောင်သူ။

ပြသ

လေအသွဲ့တွင် ယိမ်းနွဲ့လှုပ်ခါနေသော ငွေချည်(၆) ချည်မျှင်ရှည်ဝါပင်များက အပင်ကြီးထွား သန်စွမ်းမှုကို ပြသနေသည်။ လိုအပ်သည့် စိုက်ပျိုးရေရရှိနေသဖြင့် ညောင်ကိုင်းရွာအနီး မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းကား မြသားကမ္ဗလာ ခင်းထားသည့်နှယ် စိမ်းညို့နေလျက်....။

စိုက်ပျိုးနိုင်

““မိတ္ထီလာမြို့နယ်မှာတော့ ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုအနက် ငွေချည်(၆) ဝါမျိုးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလာတာမို့ စိုက်ကေတွေ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ၂၀၀၆-၂၀၀၇မှာ ချည်မျှင်ရှည်ဝါ စိုက်ကေ ၁၉၅၄၃ ကေရှိပေမယ့် ငွေချည်(၆) ဝါမျိုးကိုစိုက်ပျိုးတာ ကေ ၂၀ပဲ ရှိခဲ့ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ ငွေချည်(၆) စိုက်ကေ ၆၂၀ အထိ ရှိခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်မှာ စိုက်ကေ ၇၃၃၉ ကေ တိုးတက်ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ခုနှစ်မှာတော့ ချည်မျှင်ရှည်ဝါ စိုက်ကေ ၁၁၆၀၃ကေ ရှိတဲ့နေရာမှာ ငွေချည်(၆)ကိုပဲ ကေအားလုံးမှာ စိုက်ပျိုးနိုင်ခဲ့ကြပြီဖြစ်ပါတယ်””ဟု မန်နေဂျာ ဦးစိုးသိန်းက သတင်းအဖွဲ့အား ရှင်းပြသည်။

တိုးတက်

တစ်ကေအထွက်နှုန်း တိုးလာခြင်းကြောင့် ငွေချည် (၆)ဝါမျိုးကို တောင်သူများ တိုးတက်စိုက်ပျိုးလာကြသည်။ ၂၀၀၆-၂၀၀၇ခုနှစ်က ငွေချည်(၆) တစ်ကေအထွက်နှုန်း ၁၃၇ ဒသမ ၅၆ပိဿာသာ ရှိခဲ့ရာမှ ၂၀၀၇-၂၀၀၈ခုနှစ်၌ တစ်ကေအထွက်နှုန်း ၁၆၉ ဒသမ ၆၆ပိဿာအထိ တိုးတက်ခဲ့သည်။ ၂၀၀၈-၂၀၀၉ခုနှစ်၌ တစ်ကေ ၂၄၉ ဒသမ ၇၂ ပိဿာနှုန်း ထွက်ရှိခဲ့ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်၌ တစ်ကေ ၃၀၂ ဒသမ ၈၉ ပိဿာနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ဝါပင်များ ပေါင်းသင်

ဝါပင်များအား ပေါင်းသင်နေသည်ကို ဤသို့ တွေ့ရသည်။

လျာထား

ထို့ကြောင့်လည်း မိတ္ထီလာမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ယခုနှစ် ကေ ၁၃၉၇၀ ချည်မျှင်ရှည်ဝါ စိုက်ပျိုးရန်လျာထားရာ အကုန်အပြည့်အဝ စိုက်ပျိုးကြမည်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးနိုင်ရန် ရေကိုလည်း ချောင်းကောက်ဆည်နှင့် စက်ရေတွင်းများမှ ရယူသုံးစွဲကြမည်ဖြစ်သည်။

““မိုးကြိုရာသီမှာ ငွေချည်(၆)ဝါ စိုက်ပျိုးမှုအနေနဲ့ ချောင်းကောက်ရေလွှဲဆည်ကရရှိမယ့် ရေကို အသုံးပြုပြီး ကေ ၁၂၀ စိုက်ပျိုးမယ်။ စက်ရေတွင်းက ရရှိမယ့် ရေနဲ့စိုက်ကေ ၈၀ စိုက်ပျိုးမယ်လို့ လျာထားတာရာနှုန်းပြည့် စိုက်ပျိုးနိုင်ပြီဖြစ်ပါတယ်””ဟု ဦးစိုးသိန်းက ဆက်လက်ရှင်းပြသည်။

အပြည့်အဝ

မိတ္ထီလာမြို့နယ်အတွင်း ဝါစိုက်ပျိုးမှုအနေဖြင့် မိုးကြိုကာလ၊ မိုးရာသီကာလနှင့် မိုးနှောင်းရာသီတို့တွင် စုစုပေါင်း ကေ ၁၃၉၇၀အထိ တိုးချဲ့စိုက်ပျိုးရန် လျာထားသည်ဖြစ်ရာ အပြည့်အဝ စိုက်ပျိုးကြမည်ဖြစ်သည်။

“မိတ္ထီလာမြို့နယ်အတွင်းက တောင်သူတွေ ငွေချည်(၆)ဝါကို ပိုပြီး စိုက်ပျိုးလာကြပါတယ်”

ဦးစိုးသိန်း (မန်နေဂျာ)
ဝါနှင့်ပိုးချည်။

ဖြည့်ဆည်းပေး

ယခုအခါ မိတ္ထီလာမြို့နယ်အတွင်း မျိုးပြန်လည်ဖြန့်ဖြူးရန်အတွက် အကျိုးတူကေများ စိုက်ပျိုးထားသည်။ လာမည့် ၂၀၁၀-၂၀၁၁ခုနှစ်၌ အကျိုးတူကေ ၁၇၅ကေအထိ တိုးမြှင့်စိုက်ပျိုးမည်ဖြစ်သည်။ အကျိုးတူကေဆိုသည်မှာ မြေဩဇာ၊ ပိုးသတ်ဆေး၊ လုပ်အားခ၊ စိုက်ပျိုးစရိတ်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးကာ စိုက်ပျိုးစေပြီး ထွက်ရှိလာသော ဝါများကို မျိုးအတွက် နိုင်ငံတော်က ပြန်ဝယ်ခြင်းဖြစ်သည်။ မိတ္ထီလာမြို့နယ်အတွင်း ဝါစိုက်တောင်သူ ၉၀၀၀ခန့်ရှိနေပြီ ဖြစ်သည်။

ထွက်ခြေကိုက်

ထို့နောက် ကုက္ကိုကုန်းရွာဘက်သို့ ဆက်လက်ထွက်ခွာခဲ့သည်။ ကုက္ကိုကုန်းရွာအနီး ငွေချည် (၆) ဝါများ စိုက်ပျိုးထားမှုကို စိမ်းစို ကျယ်ပြန့်စွာမြင်တွေ့ရသည်။ ငွေချည် (၆) စိုက်ခင်းအတွင်း ပိုးသတ်ဆေးဖျန်းနေသော တောင်သူတစ်ဦးကို မေးမြန်းရာ ““ကျွန်တော့်နာမည်က ဦးသိန်းထွန်း ဖြစ်ပါတယ်။ ငွေချည် (၆)ကို စိုက်ပျိုးထားပြီး ကြိုတင်ကာကွယ်တဲ့သဘောနဲ့ ပိုးသတ်ဆေး ဖျန်းပေးနေတာပါ။ ငွေချည်(၆) စိုက်ပျိုးတာ တွက်ခြေကိုက်ပါတယ်”” ဟု သတင်းအဖွဲ့အား ပြောပြသည်။

ဖွံ့ဖြိုးသာယာ

မကြာမီ မိတ္ထီလာမြို့နယ်တစ်ဝန်း ငွေချည် (၆)ဝါပင်များဖြင့် ဖုံးလွှမ်းပေတော့မည်။ တောင်သူများလည်း ဝင်ငွေတိုးကာ ဖွံ့ဖြိုးသာယာ ဝေဆာနေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ယုံကြည်နေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက်
၁၈ ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိ

နေပြည်တော် မေ ၅

ဧပြီ ၁၅ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ဗုံးပေါက်ကွဲမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးရုံအသီးသီးတို့၌ ဆေးကုသမှုခံယူလျက်ရှိသော ဒဏ်ရာရ လူနာ ၁၇၀အနက် လူနာအများစုမှာ ဆေးရုံမှဆင်းသွားနိုင်ခဲ့ကြပြီး အမျိုးသား ၁၂ဦး၊ အမျိုးသမီး ၁၁ဦး စုစုပေါင်း ၂၃ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြကြောင်း သတင်းများထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

သက်သာပျောက်ကင်း

ယခုအခါ အဆိုပါ ဆေးကုသမှုခံယူလျက်ရှိသော လက်ကျန်ဒဏ်ရာရ လူနာများအနက် သက်သာပျောက်ကင်းသူများ ဆေးရုံမှထပ်မံဆင်းသွားခဲ့ကြသဖြင့် ယနေ့အထိ အမျိုးသား ၁၂ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၈ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် အပြစ်မဲ့ အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၅

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မိချောင်းခေါင်းကျေးရွာအုပ်စု ဥသျှစ်ခင်ကျေးရွာနေ ဦးမြင့်အောင်သည် အဖော်တစ်ဦးနှင့်အတူ မေ ၂ရက် နံနက် ၁၀နာရီခန့်တွင် ကျောက်ပုံတောင်ပေါ်မှ ဝါးခုတ်ပြီးပြန်လာစဉ် ကျောက်ပုံတောင်လမ်းခွဲ လှည်းလမ်း၌ ဦးမြင့်အောင်သည် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိခဲ့သဖြင့် ဝဲခြေချင်းဝတ်အောက်ပြတ် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဦးမြင့်အောင်အား ကျောက်ကြီးမြို့နယ် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ရဲဝံ့စွန့်စား မီးသတ်သမား

တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး ➤ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိန်း(မြန်မာ့အလင်း)

ရန်ကုန် မေ ၅

၂၀၁၀ခုနှစ် မေ ၅ရက်…။

ထိုနေ့သည်ကား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ပင်ဖြစ်၏။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို စတင်ဖွဲ့စည်း ထူထောင်ခဲ့သည်မှာ ၁၉၄၆ခုနှစ် မေ ၅ရက်မှ စတင်ရေတွက်လျှင် ၆၄နှစ်ပင် ရှိပြီဖြစ်သည်။

ကာကွယ်စောင့်ရှောက်

မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများ၏အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံပိုင်ကုန်ထုတ်အရင်းအနှီး အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှသော်လည်းကောင်း ကာကွယ်စောင့်ရှောက်ပေးလျက် ရှိပေသည်။

ချီးမြှင့်ပေးအပ်

နိုင်ငံတော်အနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များအား စွမ်းစွမ်းတမံ မီးငြိမ်းသတ်ရာတွင်လည်းကောင်း၊ အသက်ကယ်လုပ်ငန်းများ စွန့်လွှတ်စွန့်စားပြီး ဆောင်ရွက်ခဲ့ရာတွင်လည်းကောင်း စွန့်လွှတ်စွန့်စား၍ တာဝန်ထမ်းဆောင်ခဲ့ကြသဖြင့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်လျက်ရှိသည်။

"ဘုရင့်နောင်ဂက်စ်အိုးပေါက်ကွဲမှုမှာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်"

ရဲသူရိန်သင်းဌေးရွှေ
(ရန်ကုန်တိုင်းမီးသတ်ဦးစီးမှူး)။

မြန်မာ့အလင်းသတင်းအဖွဲ့သည် မီးငြိမ်းသတ်ရေးလုပ်ငန်းတွင် သက်စွန့်ကြိုးပမ်းခဲ့ပြီး ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

သက်စွန့်ကြိုးပမ်း

ရှေးဦးစွာ မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်ကျော်သူရက "ကျွန်တော့်အနေနဲ့ ဒီရဲသူရိန်ဘွဲ့တံဆိပ်ကို ၂၀၀၃ခုနှစ် ဇန်နဝါရီလက သန်လျင်ရေနံချက်စက်ရုံ မီးလောင်မှုဖြစ်စဉ်မှာ စွမ်းစွမ်းတမံ ကြိုးစားငြိမ်းသတ်ခဲ့တဲ့အတွက် ဂုဏ်ပြုခြင်းခံရတာ ဖြစ်ပါတယ်။ အဲဒီတုန်းက ဂါလန်နှစ်သန်းဆံ့ စက်သုံးဆီလှောင်ကန်ကို မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူးရဲသူရိန်သင်းဌေးရွှေက "ကျွန်တော့်အနေနဲ့ ဒီရဲသူရိန်ဘွဲ့ကို ၂၀၀၅ ခုနှစ်က နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၄ခုနှစ် ဇူလိုင် ၁၈ရက် ဘုရင့်နောင် ဂက်စ်အိုးပေါက်ကွဲမှု ဖြစ်ပွားစဉ် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့တဲ့အတွက် ဒီဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရတာ ဖြစ်ပါတယ်။ လက်ရှိ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ဖန် စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ရဲဗလစောထွန်းကလည်း "ကျွန်တော့်အနေနဲ့ ဒီရဲဗလဘွဲ့တံဆိပ်ကို ၁၉၉၇ခုနှစ် ဖေဖော်ဝါရီ၂၀ရက်က တာမွေလေး ခုံးကျော်တံတားအောက်မှာရှိတဲ့ ရော်ဘာကိုဒေါင်မီးလောင်မှုမှာ သက်စွန့်ဆံဖျားဆောင်ရွက်ခဲ့တဲ့အတွက် ချီးမြှင့်ခံရတာဖြစ်ပါတယ်၊ ဒီမီးလောင်မှုဖြစ်စဉ်မှာ တိုက်နံရံ ပြိုကျခဲ့မှုကြောင့် ကျွန်တော့်ရဲ့ ပေါင်တစ်ဖက် ကျိုးသွားခဲ့ပါတယ်" ဟု ရှင်းပြသည်။

"ရော်ဘာကိုဒေါင်မီးလောင်မှုမှာ သက်စွန့်ဆံဖျားဆောင်ရွက်ခဲ့ပါတယ်"

ရဲဗလစောထွန်း
(စမ်းချောင်းမီးသတ်ဦးစီးမှူး)။

ကယ်တင်ပေးနိုင်ခဲ့

ထို့နည်းတူစွာ ရဲဗလမျိုးဝင်းက "ကျွန်တော့်အနေနဲ့ ၂၀၀၂ခုနှစ် ကုန်သွယ်လယ်ယာ မီးလောင်မှုဖြစ်ပွားရာ စွန့်စွန့်စားစား မီးငြိမ်းသတ်မှုများ ဆောင်ရွက်ခဲ့ပါတယ်၊ ဒီမီးလောင်မှုဖြစ်စဉ်မှာ မီးများအဝိုင်းခံနေရတဲ့ ဆက်သွယ်ရေးဝန်ထမ်း ဦးတင်မြင့်ဆိုသူကိုလည်း အသက်ဘေးမှ လွတ်မြောက်အောင် ကယ်တင်ပေးနိုင်ခဲ့ပါတယ်။ ဒီအတွက် နိုင်ငံတော်က ဂုဏ်ပြုဘွဲ့တံဆိပ် ပေးအပ်ခဲ့တာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ကုန်သွယ်လယ်ယာမီးလောင်မှုမှာ စွန့်စွန့်စားစားမီးငြိမ်းသတ်ခဲ့ပါတယ်" ရဲဗလမျိုးဝင်း
(တာမွေဖုန်နယ်မြေမှူး)။

အလားတူ ရဲကျော်သူညဏ်ထွန်းက "ကျွန်တော့်အနေနဲ့ ၁၉၈၈ခုနှစ် အရေးအခင်းကာလမှာ အင်းစိန်အကျဉ်းထောင်အတွင်း ဆူပူမီးရှို့မှုမှာ သက်စွန့်ကြိုးပမ်းမီးငြိမ်းသတ်ခဲ့တဲ့အတွက် ဘွဲ့တံဆိပ်ချီးမြှင့်ခံရတာ ဖြစ်ပါတယ်။ လက်ရှိ သဃ်န်းကျွန်း မီးသတ်ဦးစီးဌာနမှာ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်"ဟု ရှင်းပြသည်။



"အင်းစိန်ထောင်မီးလောင်မှုမှာ သက်စွန့်ကြိုးပမ်းမီးငြိမ်းသတ်ခဲ့ပါတယ်" ရဲကျော်သူညဏ်ထွန်း
(သဃ်န်းကျွန်းမီးသတ်ဦးစီးဌာန)။

"သန်လျင် ရေနံချက်စက်ရုံ မီးလောင်မှုမှာ စွမ်းစွမ်းတမံကြိုးစားမီးငြိမ်းသတ်ခဲ့ပါတယ်"

ရဲသူရိန်ကျော်သူရ
(ဒုတိယညွှန်ကြားရေးမှူး)။

နိုင်ငံတော်အနေဖြင့် စွန့်စွန့်စားစား မီးငြိမ်းသတ်ရာတွင် လည်းကောင်း၊ အသက်ကယ်တင်ခြင်းလုပ်ငန်းများတွင် လည်းကောင်း၊ လူမှုရေးလုပ်ငန်းများနှင့် နိုင်ငံခြား ငွေကုန်ကျမှု သက်သာစေမည့် မီးသတ်ပစ္စည်းစက်ကိရိယာများ တီထွင်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၉၈၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ချီးမြှင့်ခံရသူ ၂၀၆ဦးရှိပြီဖြစ်ကြောင်း သိရသည်။ ယင်းတို့မှာ စီမံထူးချွန်တံဆိပ် ၁၆ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် ကိုးဦး၊ လူမှုထူးချွန်တံဆိပ် ၃၄ဦး၊ ရဲသူရတံဆိပ် ၁၀ဦး၊ ရဲဗလတံဆိပ် ၃၀၊ ရဲသူရိန်တံဆိပ် ၃၉ဦး၊ ရဲကျော်စွာတံဆိပ် ၃၁ဦး၊ ရဲကျော်သူတံဆိပ် ၃၇ဦး ရှိပြီဖြစ်သည်။

ဂုဏ်ပြုရေးသား

သို့ဖြစ်၍ မြန်မာတစ်နိုင်ငံလုံးတွင် သန္တေမီးသတ်တပ်ဖွဲ့ဝင် ၄၇၇၈ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၄၉၃၂၄ဦးတို့က ပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများကို မီးဘေးအန္တရာယ်မှ ကင်းဝေးရေးအတွက် ရဲဝံ့စွန့်စား မီးသတ်သမားများအဖြစ် တာဝန်များ သယ်ပိုးထမ်းဆောင်လျက်ရှိ ပါကြောင်း မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာတစ်နိုင်ငံလုံးတွင် သန္တေ မီးသတ်တပ်ဖွဲ့ဝင် ၄၇၇၈ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၄၉၃၂၄ဦးတို့က ပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများကို မီးဘေး အန္တရာယ်မှ ကင်းဝေးရေးအတွက် ရဲဝံ့စွန့်စား မီးသတ် သမားများအဖြစ် တာဝန်များ သယ်ပိုးထမ်းဆောင်လျက်ရှိ။

မီးသတ်တပ်ဖွဲ့နေ့ ကလေးမြို့၌ ကျင်းပ

ကလေး မေ ၅

၂၀၁၀ခုနှစ် (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက်စနာရီက ကလေးမြို့ နေရဂ္ဂုရာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီဝင်းက (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး အခြေခံမီးသတ်ပညာသင်တန်း ထူးချွန်ဆုနှင့် မီးလောင်မှုများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။

ဆက်လက်၍ အောင်မင်္ဂလာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးရှေ့မြက်ခင်းပြင်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အသက်ကယ်စွမ်းရည် ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များ စည်းကမ်းတကျ မောင်းနှင်သွားလာခြင်းရှိ မရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အိ ခေါင်းဆောင်သောအဖွဲ့ လှိုင်မြို့နယ် ပါရမီလမ်း၌ ရောင်တခင်စစ်ဆေးဆောင်ရွက်ကြစဉ်။ (ကညန)

လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းနှင့် လက်တွေ့အသုံးချနည်းသင်တန်း ဖွင့်မည်

ရန်ကုန် မေ ၅

CONCORDIA Int'l Co., Ltd. က လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်း (၇/၂၀၁၀)ကို မေ ၁၇ရက်မှ ၂၉ရက်အထိနှင့် GPS & Google Earth Software လက်တွေ့အသုံးချနည်းသင်တန်းကို ဇွန် ၁ရက်မှ ၃ရက်အထိ မန္တလေးမြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်ကြားပို့ချမည်

အဆိုပါသင်တန်းတွင် မြေတိုင်းသင်တန်းနှင့်ပတ်သက်သော Total Station လက်တွေ့ အသုံးချတိုင်းတာနည်း (Construction Survey ၊ Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း)၊Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် GPS နှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS Downloading and Processing to Garmin Mapsource & Google Earth Software မိမိတိုင်းတာထားသော Data များအား Mapsource Software နှင့် Google Earth Software တို့၌ Download နှင့် Processing များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

စုံစမ်းမေးမြန်း

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် Google Earth လက်တွေ့အသုံးချနည်း သင်တန်းကို မေ ၁၀ရက်မှ စတင်၍ သင်တန်းသားများလက်ခံပြီး အခြေခံပညာအထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် ဆက်သွယ်စုံစမ်းမေးမြန်းလိုပါက မန္တလေး အမှတ်(၅) မြေညီထပ် ၇၇-၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀၆၇၁၇၂ Hot Line - ၀၂-၉၁၀၀၁၉၆၅၊ Fax: ၀၂-၈၉၅၇၁၊ Email. Climdy @ myanmar.com.mm တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာ၌ ငါးသားပေါက်စခန်း တည်ဆောက်မည်

ကလေး မေ ၅

ကလေးခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းတင်သည် ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးဦးဟရဲကုန်း၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ထွန်းတို့ လိုက်ပါပြီး ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာအနီး၌ တစ်ပိုင်တစ်နိုင် ငါးသားပေါက်စခန်းတည်ဆောက်နိုင်ရေးအတွက် တစ်နှစ်ပတ်လုံး ရေရရှိနိုင်မည့် နေရာများသို့ ကွင်းဆင်း၍ မြေအနေအထား ရေစီးရေလာကောင်းမွန်ရေးတို့ကို ကြည့်ရှုခဲ့သည်။ အဆိုပါ ငါးသားပေါက်စခန်း တည်ဆောက်နိုင်ပါက ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ကလေးဝ၊ မင်းကင်းမြို့နယ်များသို့ ငါးသားပေါက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ငါးသားပေါက်များကို လွယ်လွယ်ကူကူနှင့် ဈေးနှုန်းချိုသာစွာ ရရှိနိုင်မည့်အပြင် ကျေးလက်ဖွံ့ဖြိုးရေးအတွက်လည်း များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

ထူးခြားသည့် နေ့အပူချိန်များ

၅-၅-၂၀၁၀

မန္တလေးမြို့	၄၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၂ ဒီဂရီစင်တီဂရိတ်
သာယာဝတီမြို့	၄၂ ဒသမ ၄ ဒီဂရီစင်တီဂရိတ်
နေပြည်တော် ပျဉ်းမနား	၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၄ ဒသမ ၄ ဒီဂရီစင်တီဂရိတ်

မြဝတီခရိုင် မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာ ၂၀၁၀ခုနှစ် ဒုတိယအကြိမ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့အခမ်းအနားကို မေ၁ရက်က ဝေ့ရှမ်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြစိန်က ငါးနှစ်အောက် ကလေးငယ်တစ်ဦးအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးစဉ်။ (၁၀၁)

MNL မှ အောင်မြင်မှုများကို AFC President's Cup ပြိုင်ပွဲတိုင် ဆောင်ကြဉ်းနိုင်ရန်ကြိုးပမ်းမယ့် ရတနာပုံ F.C

ရန်ကုန် မေ ၅

ရတနာပုံဘောလုံးအသင်းဆိုတာနဲ့ မြန်မာနေရှင်နယ်လိဂ် (MNL)မှာ ချန်ပီယံဆုဖလား နှစ်ကြိမ်ဆက်တိုက် ရရှိထားတဲ့ အသင်းအဖြစ် မြန်မာဘောလုံးပရိသတ်တွေ သိရှိပြီးဖြစ်မှာပါ။ မြန်မာ့ဘောလုံး ပရိစနစ်ကူးပြောင်းပြီး ပထမဦးဆုံးကျင်းပတဲ့ ၂၀၀၉ MNL Cup ပြိုင်ပွဲမှာ ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရဗိုလ်စွဲခဲ့သလို ထပ်မံကျင်းပတဲ့ ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲမှာလည်း ထပ်မံဗိုလ်စွဲခဲ့တာကြောင့် မြန်မာ့ဘောလုံးပရိလိဂ်သမိုင်းမှာ နှစ်ထပ်ကွမ်းချန်ပီယံအသင်းအဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့ပါတယ်။

ယှဉ်ပြိုင်ခွင့်ရရှိ

ပထမဦးဆုံး မြန်မာ့ပရိလိဂ်ဖလားဖြစ်တဲ့ MNL Cup ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့ ရတနာပုံအသင်းကတော့ အောင်မြင်မှုရဲ့ အကျိုးဆက်အဖြစ် ယခုမကြာမီ ကျင်းပတော့မယ့် AFC President's Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တာပဲ ဖြစ်ပါတယ်။ ၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲကို နိုင်ငံ ၁၁နိုင်ငံက ချန်ပီယံအသင်းတွေဖြစ်တဲ့ အသင်း ၁၁သင်း ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပြီး အုပ်စု သုံးစုခွဲပြီး ကျင်းပမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မယ့် ရတနာပုံအသင်းဟာ အုပ်စု(ဂ)မှာ ဘူလ်တန်ကလပ်ဒရက်စတားအသင်း၊ တာ့ခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စု(က)မှာ အဗာတာနီ(ဘင်္ဂလားဒေ့ရှ်)၊ ဒိုဒ္ဒိုင်းဒိုင်နမို (ကာဂျစ္စတန်)၊ New Road အသင်း (နီပေါ)၊ Kaohsiung City Yaoti (တရုတ်တိုင်ပေ)၊ အုပ်စု(ခ)မှာ နာဂါကော့ဗ် (ကမ္ဘောဒီးယား)၊ KBL(ပါကစ္စတန်)၊ ရီနောင်းစပို့စ် (သီရိလင်္ကာ)၊ ဗာကက်ရှ် (တာဂျစ်ကစ္စတန်)တို့ ပါဝင်နေပါတယ်။ အုပ်စု(က)ပွဲစဉ်တွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မေ ၁၂ရက်မှ ၁၆ရက်အထိ၊ အုပ်စု(ခ) ပွဲစဉ်တွေကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့မှာ မေလ ၁၀ရက်မှ ၁၄ရက်အထိ၊ အုပ်စု(ဂ) ပွဲစဉ်တွေကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းမှာ မေ ၉ရက်မှ ၁၃ရက်အထိ ကျင်းပမှာ ဖြစ်ပါတယ်။

ကွင်းလယ်လူ အောင်ကျော်မိုး။

အုပ်စုဒုတိယ

အာရှဘောလုံးအဖွဲ့ချုပ် AFC က ကြီးမှူးကျင်းပနေတဲ့ AFC President's Cup ဘောလုံးပြိုင်ပွဲကို ၂၀၀၅ခုနှစ်က စတင်ကျင်းပခဲ့တာဖြစ်ပြီး တာဂျစ်ကစ္စတန်ကလပ် ရီဂါကတ်ဇ်အသင်းက သုံးကြိမ်၊ ကာဂျစ်စတန်ကလပ် ဒိုဒ္ဒိုင်းဒိုင်နမိုအသင်းက နှစ်ကြိမ်ဗိုလ်စွဲထားပါတယ်။ ရတနာပုံအသင်းထက်စောပြီး ပါဝင်ယှဉ်ပြိုင်ဖူးတဲ့ အသင်းကတော့ ကမ္ဘောဇအသင်းဖြစ်ပြီး ၂၀၀၈ခုနှစ်နဲ့ ၂၀၀၉ခုနှစ်တွေမှာ နှစ်ကြိမ်ဆက်တိုက်ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ နှစ်ကြိမ်စလုံး အုပ်စုဒုတိယနေရာသာရပြီး ဆီမီးဖိုင်နယ်နဲ့ လွဲချော်ခဲ့ပေမယ့် ၂၀၀၈ ခုနှစ်မှာ ကျော်သီဟ၊ ၂၀၀၉ခုနှစ်မှာ စိုးမင်းဦးတို့က ရွှေဖိနပ်ဆု (ဂိုးသွင်းအများဆုံး)တွေ ရရှိခဲ့ပါတယ်။

စည်းမျဉ်းစည်းကမ်း

ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းတွေအရ အုပ်စုသုံးစုမှ ထိပ်ဆုံးသုံးသင်းနဲ့ အကောင်းဆုံးအုပ်စု ဒုတိယတစ်သင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမှာဖြစ်လို့ ရတနာပုံအသင်းအနေနဲ့ အုပ်စုပထမနေရာရရှိမှသာ နောက်တစ်ဆင့်တက်ဖို့ သေချာမှာ ဖြစ်ပါတယ်။ ရတနာပုံအသင်းနဲ့ တွေ့ဆုံရမယ့် အုပ်စုတွင်း ပြိုင်ဘက်တွေထဲက တာ့ခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းကတော့ မှတ်တမ်းကောင်းတွေ ပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။ တာ့ခ်မင်နစ္စတန်လိဂ်အမှတ်ပေးပြိုင်ပွဲမှာ ချန်ပီယံ သုံးကြိမ်၊ ဒုတိယနှစ်ကြိမ်၊ ဖလားပြိုင်ပွဲမှာ ချန်ပီယံတစ်ကြိမ်၊ ဒုတိယတစ်ကြိမ်၊ စူပါဖလားပြိုင်ပွဲမှာ ချန်ပီယံ နှစ်ကြိမ်၊ ဒုတိယတစ်ကြိမ်၊ တာ့ခ်မင်နစ္စတန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲမှာ ချန်ပီယံ သုံးကြိမ် ရရှိထားတဲ့အသင်းဖြစ်ပါတယ်။ AFC Cup ပြိုင်ပွဲကိုလည်း နှစ်ကြိမ်တိုင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး ရုရှားဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ CIS Cup ပြိုင်ပွဲကိုလည်း သုံးကြိမ်တိုင် ယှဉ်ပြိုင်ဖူးပါတယ်။ ယခု ၂၀၁၀ခုနှစ်မှာ ဆီမီးဖိုင်နယ်အထိ တက်ရောက်ခဲ့ပြီး ယူကရိန်းကလပ် ဒိုင်နမိုကိဗ်အသင်း၊ ရုရှားယူ-၂၁အသင်း၊ ရုရှားကလပ် ရူဘင်ကာဇန်အသင်းတို့နဲ့ ကစားထားတဲ့ အတွေ့အကြုံကောင်းတွေ ပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။ ဘူလ်တန်ကလပ် ဒရက်စတားအသင်းကတော့ ဘူလ်တန်အမှတ်ပေးချန်ပီယံဆုကို ၂၀၀၂ခုနှစ် နဲ့ ၂၀၀၉ခုနှစ်မှာ ဆွတ်ခူးခဲ့ပြီး အာရှအဆင့်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ခွင့် ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

အားထားရသည့် တိုက်စစ်မှူး ရန်ပိုင်။

နောက်ခံလူ ကျော်ခိုင်ဝင်း။

ရွေးချယ်

ပြိုင်ပွဲဝင်မယ့် ရတနာပုံအသင်းဟာ အပြီးသတ်ကစားသမား ၂၃ဦးကို ရွေးချယ်ရာမှာ အမာခံ ကစားသမားတွေအပြင် လူငယ်ကစားသမားများ၊ ရတနာပုံ လူငယ်အသင်းက ကစားသမားလေးဦး ပါဝင်လာပါတယ်။ AFC က ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် နိုင်ငံခြားသား နှစ်ဦးသာ ထည့်သွင်း ကစားခွင့်ပြုခဲ့တာကြောင့် အသင်းနဲ့ အံဝင်အောင် ကစားနိုင်မယ့် နောက်ခံလူ ဂျီနွန်ဆီယန်နဲ့ ကွင်းလယ်လူ ကိုနေးတို့ကို ရွေးချယ်ခဲ့ပါတယ်။

အားရကျေနပ်

AFC President's Cup ပြိုင်ပွဲမှာ အောင်မြင်မှုရရှိရေး ပြင်ဆင်နေမှုနဲ့ ပတ်သက်လို့ အသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက ဒီပြိုင်ပွဲဟာ ကျွန်တော့်အသင်းအနေနဲ့ နိုင်ငံ့ကိုယ်စားပြု ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ လေ့ကျင့်ပြင်ဆင်မှုအပိုင်းကိုလည်း အားရကျေနပ်ပါတယ်။ ကျွန်တော်တို့အသင်းမှာ အားထားရတဲ့ ကွင်းလယ်လူ ထွန်းထွန်းဝင်းဟာ ခြေချင်းဝတ် အရိုးကျိုးပြီး ပြန်မကောင်းလာသေးတဲ့အတွက် ပါဝင်နိုင်မှာမဟုတ်ပါဘူး။ နိုင်ငံခြားသား ကစားသမားကလည်း နှစ်ဦးပဲ ပါဝင်ခွင့်ရမှာ ဖြစ်ပေမယ့် ကျွန်တော်တို့အသင်း အားမလျော့သွားနိုင်ပါဘူး။ အခုရွေးချယ်ထားတဲ့ ကစားသမားတွေကလည်း အကောင်းဆုံး ကစားသမားတွေ ဖြစ်ပါတယ်။ လက်ရှိကျင်းပနေတဲ့ 2010 MNL အမှတ်ပေးပြိုင်ပွဲမှာ ထင်သလောက် ရလဒ်မကောင်းသေးပေမယ့် လက်ကျန်ပွဲတွေမှာ အကောင်းဆုံး ပုံစံနဲ့ ရလဒ်ကောင်းတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်။

ဒုတိယအသင်းခေါင်းဆောင် ဂျီနွန်ဆီယန်။

အစွမ်းကုန်ကြိုးစား

အုပ်စုတွင်းမှာတွေ့ဆုံမယ့် ပြိုင်ဘက်အသင်းတွေအကြောင်းကိုလည်း လေ့လာပြီးသွားပါပြီ။ အုပ်စုဗိုလ်အဖြစ်နဲ့ ဆီမီးဖိုင်နယ်တက်ရောက်နိုင်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကျွန်တော့်အနေနဲ့ ဒီပွဲစဉ်တွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိတဲ့အတွက်လည်း မြန်မာဘောလုံးပရိသတ်တွေရဲ့ အားပေးမှုက ကျွန်တော်တို့ကို အားဖြစ်စေပါတယ်။ မန္တလေးမြို့က ပရိသတ်တွေ လာရောက်အားပေးနိုင်အောင်လည်း စီစဉ်ပေးသွားမှာပါ။ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်အောင်ကြိုးပမ်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးပမ်းသွားမှာပါဟု ပြောကြားခဲ့ပါတယ်။

သူတို့ပါဝင်ကြ

ပြိုင်ပွဲဝင်မယ့် ရတနာပုံအသင်းမှာ **ဂိုးသမား**-ယဉ်မင်းအောင်၊ သူရကိုကို၊ ဖြိုးကိုကိုလှိုင်၊ **နောက်တန်း**-ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ဂျီနွန်ဆီယန်၊ ချစ်စမ်းမောင်၊ ကျော်ဇေယျာမင်း၊ သက်ပိုင်စိုး၊ လှိုင်မင်းထွန်း၊ **အလယ်တန်း**-အောင်ကျော်မိုး၊ ပိုင်စိုး၊ အေးမိုး၊ ကိုနေး၊ မိုးမြင့်သူ၊ ရဲကိုဦး၊ ထွန်းထွန်းဝင်း၊ **ရှေ့တန်း**-ရန်ပိုင်၊ သက်နိုင်၊ ရဲဇော်ထက်အောင်၊ ကျော်စွာလင်း၊ အောင်ချမ်းမိုးနဲ့ စိုးကျော်ကျော်တို့ ပါဝင်ကြပါတယ်။ ။ **(မြန်မာ့အလင်း)**

ရတနာပုံအသင်းပါဝင်သည့်

အုပ်စု(ဂ)ပွဲစဉ်များ

၉-၅-၂၀၁၀

ဒရက်စတား - အက်ရှ်ကာမက်

၁၁-၅-၂၀၁၀

ရတနာပုံ - ဒရက်စတား

၁၃-၅-၂၀၁၀

အက်ရှ်ကာမက် - ရတနာပုံ

တောင်ပံကစားသမား ပိုင်စိုး။

သတင်းမှတ်စုနှင့်
ဓာတ်ပုံမှတ်တမ်း
ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး
(မြန်မာ့အလင်း)

"ဒီပြိုင်ပွဲဟာ နိုင်ငံ့ကိုယ်စားပြု ယှဉ်ပြိုင်ရမှာ ဖြစ်တဲ့အတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်"

ဒေါက်တာ စိုင်းဆမ်ထွန်း
ရတနာပုံအသင်းပိုင်ရှင်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အလောင်းတော် မြတ်မင်းသိဒ္ဓတ် ဖွားတော်မူခန်း** တရားတော် (ဆရာတော် ဒေါက်တာ စန္ဒာသီရိ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၂)
၈:၃၀ Sports World MNL Grand Royal 2010 (Zayar Shwe Myay F.C Vs Manaw Myay F.C)
၈:၅၅ Activities in the City
- ဒဂုံမြို့သစ် (တောင်ပိုင်း) ပညာရေးမိသားစု ရှင်ပြုအလှူတော်မင်္ဂလာ
- အထက (၅) တာမွေ အာစရိယပူဇော်ပွဲ
၉:၂၅ အနာဂတ်ရဲ့ အလင်းရောင် II
၉:၃၅ ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား
၁၀:၁၅ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
၁၀:၄၀ Make in a Delicious Way (ထိုင်းအစားအစာ ပြုလုပ်နည်း)
၁၁:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဖြစ်ရတဲ့ ဒုက္ခ**
၁၁:၃၅ ဈေးဝယ်လမ်းညွှန် (Phyuu Jewellers)
၁၂:၀၀ လန်းဆန်းမွေးကြိုင် မင်္ဂလာပန်းခိုင်
၁၂:၁၀ ဂီတသရုပ်ပြခန်း (တစ်ခါတလေစီးရီး)
၁၂:၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချို ရေခဲမုန့် ပြုလုပ်နည်း)
၁:၀၀ **အလောင်းတော် မြတ်မင်းသိဒ္ဓတ် ဖွားတော်မူခန်း** တရားတော် (ဆရာတော် ဒေါက်တာ စန္ဒာသီရိ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Pop Fashion-3)
၃:၂၀ လန်းဆန်းမွေးကြိုင် မင်္ဂလာပန်းခိုင်
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၂)
၄:၁၀ Activities in the City
- ဒဂုံမြို့သစ် (တောင်ပိုင်း) ပညာရေးမိသားစု ရှင်ပြုအလှူတော်မင်္ဂလာ
- အထက (၅) တာမွေ အာစရိယပူဇော်ပွဲ
၄:၄၅ ROဆိုတဲ့ KTM
၅:၁၅ အနာဂတ်ရဲ့ အလင်းရောင် II
၅:၃၀ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ငွေဆောင်ကမ်းခြေဖွင့်လှစ်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား
၇:၀၀ Fashion Music Festival (Pop Fashion-3)
၇:၂၅ ဈေးဝယ်လမ်းညွှန် (Phyuu Jewellers)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ROဆိုတဲ့ KTM
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၂)
၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နတ်ဖြစ်ရတဲ့ ဒုက္ခ**
၁၀:၃၀ ဂီတသရုပ်ပြခန်း (တစ်ခါတလေစီးရီး)
၁၀:၄၅ Make in a Delicious Way (ထိုင်းအစားအစာ ပြုလုပ်နည်း)
၁၁:၀၅ စွဲမက်ဖွယ်ရာ ရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
၁၁:၃၀ မိခင်နို့ စနစ်တကျ တိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း (ဒေါက်တာသိန်းသိန်းမြင့်)
၁၁:၄၀ **'ဒါ' ဖောရိန်းမိတ်တဲ့လားဗျာ** ထူးသာ၊ ညီရော်၊ ဆုပန်ထွာ၊ [ဒါရိုက်တာ-ဝေဠု(ဝသန်)]
၁၁:၅၅ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
၁၂:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃ရက်က ညောင်လေးပင်မြို့ ဘုရားကြီးလမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကြီးကြပ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သစ်တောထွက်ပစ္စည်းများ ကုန်သွယ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အာရှ-ဥရောပ ညီလာခံသို့ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မေ ၅

မလေးရှားနိုင်ငံတွင် အခြေစိုက်ထားသော ဥရောပသမဂ္ဂ၏ FLEGT ASIA (Forest Law Enforcement, Governance and Trade ASIA) ၏ အစီအစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပမည့် သစ်တောထွက်ပစ္စည်းများ ကုန်သွယ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အာရှ-ဥရောပညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ သစ်ထောက်ခံချက်ကော်မတီ ဥက္ကဋ္ဌ ဦးရွှေကျော်၊ Forest Resource Environment Development and Conservation Association မှ ဦးစန်းလွင်၊ Ecosystem Conservation and Community Development Initiative မှ ဦးမင်းကိုကိုကြီး၊ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးဘာဘာချိန့်နှင့် အသင်းဝင် ဒေါက်တာလှစိုးတို့သည် မေ ၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားပုံရိပ်လွှာ

အင်္ဂလန်မြေပေါ်မှာ အိမ်ရှင်တို့ ဖိုလ်စွဲခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ရေးသူ-မောင်မောင်မြင့်ဆွေ — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် မေ ၅

၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ အင်္ဂလန်ကအိမ်ရှင်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ အင်္ဂလန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာ အင်္ဂလန်မြေပေါ်မှာ ပထမဆုံးကျင်းပနိုင်ခဲ့တာမို့ အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဟာ ဘောလုံးကွင်းတွေကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပြင်ဆင်ခဲ့တာကြောင့် ခမ်းနားထည်ဝါမှုအရှိဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲလည်း ဖြစ်ခဲ့ပါတယ်။

ယှဉ်ပြိုင်

အင်္ဂလန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အသင်းပေါင်း ၁၆သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပြိုင်ပွဲဝင် အသင်းတိုင်း စနစ်တကျနဲ့ အချိန်ယူပြင်ဆင်လေ့ကျင့်ခဲ့တာမို့ ဘယ်အသင်းဖိုလ်စွဲမလဲဆိုတာ ကြိုတင်ခန့်မှန်းလို့ မရနိုင်အောင် ဖြစ်စေခဲ့ပါတယ်။ ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ထူးထူးခြားခြား ခြေစစ်ပွဲအောင်ပြီး ပါဝင်ဆင်နွှဲခဲ့တဲ့အသင်းကတော့ မြောက်ကိုရီးယားအသင်းပဲဖြစ်ပါတယ်။

ပြိုင်ပွဲမဝင်

အင်္ဂလန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အာဖရိကဘောလုံးအသင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒါကတော့ ၁၉၆၄ခုနှစ်မှာ ဖီဖာက သတ်မှတ်ခဲ့တဲ့ စည်းကမ်းချက်ကို မကြိုက်နှစ်သက်လို့ ပြိုင်ပွဲမဝင်ကြခြင်းဘဲဖြစ်ပါတယ်။ ဖီဖာက အာဖရိကဇုန်မှာ အနိုင်ရရှိတဲ့ ဘောလုံးအသင်းတွေဟာ အာရှ သို့မဟုတ် သမုဒ္ဒရာဇုန်က အနိုင်ရရှိတဲ့ အသင်းတွေနဲ့ ယှဉ်ပြိုင်ကစားပြီး နိုင်ပွဲရရှိမှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ဆင်နွှဲခွင့်ရှိတယ်လို့ စည်းမျဉ်းသတ်မှတ်လိုက်တဲ့အတွက် ဖြစ်ပါတယ်။

အနိုင်ရ

၁၉၆၆ခုနှစ် အင်္ဂလန်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ၁၆သင်းက ဘောလုံးပွဲ ၃၆ပွဲယှဉ်ပြိုင်ခဲ့ကြပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲကိုတော့ အိမ်ရှင်အင်္ဂလန်နဲ့ အနောက်ဂျာမနီအသင်းတွေတက်ရောက်ခဲ့ကြပြီး အင်္ဂလန်အသင်းက အနောက်ဂျာမနီ အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရခဲ့လို့ ကမ္ဘာ့ဖလားကို အင်္ဂလန်တို့ မိမိမြေပေါ်မှာတင် သိမ်းပိုက်နိုင်ခဲ့ကြပါတယ်။

ဂိုးသွင်းမှု

အင်္ဂလန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေရဲ့ စုစုပေါင်းဂိုးသွင်းမှုဟာ ၈၉ဂိုးဖြစ်တာမို့ တစ်ပွဲချင်းအလိုက် ဂိုးသွင်းနှုန်းဟာ ၂ဒသမ ၇၈ဂိုးနှုန်းရှိခဲ့ပါတယ်။ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ အသင်းကတော့ ပေါ်တူဂီအသင်းဖြစ်ပြီး စုစုပေါင်း ၁၇ဂိုး သွင်းယူခဲ့ပါတယ်။ တစ်ဦးတည်း ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုရရှိခဲ့တဲ့ ဘောလုံးသမားကတော့ ပေါ်တူဂီတိုက်စစ်မှူး အူစီဘီရိုဖြစ်ပြီး စုစုပေါင်း ကိုးဂိုးသွင်းယူခဲ့ခြင်းဖြစ်ပါတယ်။

ထူးခြားမှုများ

အင်္ဂလန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မစတင်မီ သုံးလအလိုမှာ ပြည်သူတွေကြည့်ရှုလေ့လာလို့ရအောင် ပြသထားတဲ့ ကမ္ဘာ့ဖလားရုပ်တု ခိုးယူခြင်းခံခဲ့ရပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အကူအညီနဲ့ ရှာဖွေခဲ့လို့ပျောက်ဆုံးပြီး သီတင်းတစ်ပတ်အကြာမှာ ခြံစည်းရိုးတစ်ခုအနီး ပြန်လည် ရှာဖွေတွေ့ရှိခဲ့ပါတယ်။

ဒါ့အပြင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေ အုပ်စုခွဲ မဲနှိုက်တာကို ကမ္ဘာ့တစ်ဝန်း ရုပ်မြင်သံကြားက ပထမဆုံးအကြိမ် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါတယ်။ နောက်ပြီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အထိမ်းအမှတ်လိုဂိုကိုလည်း ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ခဲ့တာကလည်း ထူးခြားမှုတစ်ခုပါပဲ။

အင်္ဂလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဖွင့်ပွဲနေ့ပွဲစဉ်အဖြစ် အိမ်ရှင်အင်္ဂလန်နဲ့ ဥရုဂွေးတို့ ယှဉ်ပြိုင်တဲ့ပွဲမှာ သတ်မှတ်တဲ့အချိန်ထက် မိနစ် ၁၀ခန့်နောက်ကျပြီးမှ ပွဲစတင် ယှဉ်ပြိုင်နိုင်ခဲ့ကြပါတယ်။ ဒါကလည်း အင်္ဂလန် ဘောလုံးသမားတွေ တည်းခိုတဲ့ ဟိုတယ်မှာ ဘောလုံးသမားတွေရဲ့ အသိအမှတ်ပြုကတ်ပြားတွေ မေ့ကျန်ခဲ့လို့ပဲ ဖြစ်ပါတယ်။

အင်္ဂလန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အသက်အငယ်ဆုံးဘောလုံးသမားကတော့ ဂျာမနီအသင်းက ဘက်ကင်ဘောင်ဝါပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ရုရှားအသင်း ဂိုးသမား လက်ဗ်ယာရှင်ဟာ ပွဲစဉ်တိုင်း လက်စွမ်းပြကာကွယ်နိုင်ခဲ့လို့ နာမည်ကြီးခဲ့သလို ကမ္ဘာ့အကောင်းဆုံး ဂိုးသမားအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အင်္ဂလန်အသင်းက ဘော်ဘီချာလ်တန်ဟာ လည်း ထူးထူးခြားခြား ခြေစွမ်းပြခဲ့ပြီး နာမည်ကြီးသူ ဖြစ်ခဲ့ပါတယ်။

အင်္ဂလန်မြေပေါ်မှာကျင်းပပြီး အင်္ဂလန်အသင်းဟာ ထိုက်ထိုက်တန်တန် ဖိုလ်စွဲခဲ့တာကလည်း မှတ်တမ်းတင်စရာ အောင်မြင်မှုတစ်ရပ် ဖြစ်ခဲ့ပါတယ်။

၁၉၇၀ ကမ္ဘာ့ဖလားပွဲ

၁၉၇၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကိုတော့ မက္ကဆီကိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ မက္ကဆီကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင် အသင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။

ဒီပြိုင်ပွဲမကစားခင်ကတည်းက ဖိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းတွေကတော့ အာဂျင်တီးနား၊ ပြင်သစ်၊ ပေါ်တူဂီနဲ့ စပိန်တို့ပဲဖြစ်ပါတယ်။ ထူးထူးခြားခြား ခြေစစ်ပွဲအောင်လာတဲ့ အသင်းကတော့ မော်ရိုကိုအသင်းပဲဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီး နောက်မှာ ပထမဆုံးခြေစစ်ပွဲအောင်တဲ့အသင်းပါပဲ။ မက္ကဆီကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာ မြောက်အမေရိကတိုက်မှာ ပထမဆုံး ကျင်းပတဲ့ပွဲဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၆သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။

ဖလားဆွတ်ခူး

ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့ ၁၆သင်းက ပွဲစဉ်ပေါင်း၃၂ပွဲကစားခဲ့ကြပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲကို အီတလီနဲ့ ဘရာဇီးတို့ တက်ရောက်ခဲ့ကြပြီး ဘရာဇီးတို့က လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့လို့ ကမ္ဘာ့ဖလားကို တတိယအကြိမ်ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဘရာဇီးအသင်းဟာ ပြိုင်ပွဲတစ်လျှောက် ၁၉ဂိုးသွင်းနိုင်ခဲ့တာမို့ ဂိုးအများဆုံးသွင်းတဲ့ အသင်း ဖြစ်ပါတယ်။ တစ်ဦးချင်း ဂိုးအများဆုံး သွင်းတဲ့ဘောလုံးသမားကတော့ ဂျာမနီအသင်း တိုက်စစ်မှူး ဂတ်မူလာပဲဖြစ်ပါတယ်။ ဂတ်မူလာဟာ တစ်ဦးတည်း ၁၀ဂိုးသွင်းယူနိုင်ခဲ့သူပါပဲ။

အခက်အခဲကြုံတွေ့

မက္ကဆီကို ကမ္ဘာ့ဖလားဘောလုံးပွဲ ကျင်းပတဲ့အခါ အချို့ပွဲစဉ်တွေဟာ နေ့ခင်းအချိန်တွေ ဖြစ်နေတာကြောင့် ဘောလုံးသမားတွေနဲ့ အသင်းနည်းပြတွေ အပူဒဏ်ကြောင့် အခက်အခဲကြုံတွေ့ခဲ့ရပါတယ်။ ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်အသင်းခေါင်းဆောင် ရော်ဘီမိုးဟာ ကိုလံဘီယာနိုင်ငံမှာ ဖမ်းဆီးခံခဲ့ရတာမို့ သူပြန်လွတ်လာပြီး အင်္ဂလန်ရောက်တဲ့အချိန်မှာ အင်္ဂလန်အသင်းဟာ မက္ကဆီကိုနိုင်ငံကို ပြိုင်ပွဲဝင်ဖို့ ထွက်ခွာခဲ့ပြီဖြစ်တာကြောင့် ပါဝင်နိုင်ခြင်း မရှိခဲ့ပါဘူး။

ဒါ့အပြင် အင်္ဂလန်နဲ့ ဘရာဇီးတို့ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ နှစ်ဖက်ပရိသတ်တွေ အားပေးရင်းပြဿနာဖြစ်ခဲ့ကြလို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ နှစ်ဖက်ဘောလုံးသမားတွေ တည်းခိုရာဟိုတယ် အပြင်ဘက်မှာ ညလုံးပေါက်စောင့်ကြပ်ခဲ့ကြရပါတယ်။

စွမ်းဆောင်ပေး

၁၉၅၈ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဘရာဇီးအသင်း ကစားသမားတစ်ဦးဖြစ်တဲ့ မာရီယိုဇာဂါလိုဟာ အခု မက္ကဆီကိုကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဘရာဇီးအသင်းနည်းပြအဖြစ်တာဝန်ယူပြီး ကမ္ဘာ့ဖလားရယူနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဟာလည်း ထူးခြားမှုတစ်ရပ်ပါပဲ။

နောက်ပြီး ဘရာဇီးအသင်း ကမ္ဘာ့ဖလားသုံးကြိမ်ဆွတ်ခူးခဲ့တဲ့ ပြိုင်ပွဲတိုင်းမှာ ပီလီပါဝင်ကစားနိုင်ခဲ့တာမို့ ဖလားဆွတ်ခူးတဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲ သုံးကြိမ်ဆက်တိုက် ပါဝင်ကစားနိုင်တဲ့ ပထမဆုံး ကစားသမားဖြစ်လာပါတယ်။

နောက်ဆုံးဗိုလ်လုပွဲမှာ ဘရာဇီးနဲ့ အီတလီတို့ ယှဉ်ပြိုင်ကစားနေတဲ့အချိန် ကမ္ဘာ့ဖလားရုတ်တရက်ပျောက်ဆုံးခဲ့တာမို့ လိုက်လံရှာဖွေတဲ့အခါ ဘောလုံးပွဲကျင်းပရာ အားကစားရုံအပြင်မှာ ပြန်တွေ့ခဲ့ရတာကလည်း ထူးခြားမှုတစ်ရပ်ဖြစ်ပါတယ်။

ဘရာဇီး

မက္ကဆီကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဘရာဇီးအသင်း ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့တာမို့ သုံးကြိမ်ကမ္ဘာ့ဖလား ရယူနိုင်ခဲ့တဲ့ အသင်းဖြစ်ခဲ့ပါတယ်။ ။

ကိုးကား-အင်တာနက်

အိမ်ရှင်အင်္ဂလန်အသင်းကမ္ဘာ့ဖလားကိုင်မြှောက်ကာ ဤသို့အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

၁၉၆၆ခုနှစ် အင်္ဂလန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ၁၆သင်းက ဘောလုံးပွဲ ၃၆ပွဲယှဉ်ပြိုင်ခဲ့ကြ၊ နောက်ဆုံး ဗိုလ်လုပွဲကိုတော့ အိမ်ရှင်အင်္ဂလန်နဲ့ အနောက်ဂျာမနီအသင်းတွေ တက်ရောက်ခဲ့ကြပြီး အင်္ဂလန်အသင်းက အနောက်ဂျာမနီအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရခဲ့လို့ ကမ္ဘာ့ဖလားကို အင်္ဂလန်တို့ မိမိမြေပေါ်မှာတင် သိမ်းပိုက်နိုင်ခဲ့ကြ။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မေ ၅

ပညာအလင်းစာကြည့်တိုက် ပျော်ဘွယ်၌ဖွင့်

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ချည်မျှင်စက်ရုံ၏ တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပညာအလင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၀ရက်က ကျင်းပရာ စက်ရုံမှူးဦးကျော်ဝင်းစိန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (၁၆၉)

မအူပင်၌ စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်

သတင်းစာဆရာကြီး ဦးသိမ်းမောင် (၁၂၆၀-၁၃၂၈) အထိမ်းအမှတ် စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၁၇ရက်က မအူပင်မြို့နယ် မလက်တိုကျေးရွာရှိ စာကြည့်တိုက်အဆောက်အအုံ၌ကျင်းပရာ စာကြည့်တိုက် အလှူရှင် ရန်ကုန်မြို့နေ ဦးသိန်းတန် (စာရေးဆရာ မအူပင်လွင်ဦး)က စာကြည့်တိုက် အဆောက်အအုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအေးထွန်းနှင့် တာဝန်ရှိသူတို့က လက်ခံယူကြသည်။ (မြို့နယ် ပြန်/ဆက်)

မင်းတပ်၌ ရှိန်ဝါရောင်လင်းစာကြည့်တိုက်ဖွင့်

ချင်းပြည်နယ် မင်းတပ်မြို့နယ် ရှစ်ဝါသာရွာ၏ ရှိန်ဝါရောင်လင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စာကြည့်တိုက်အဆောက်အအုံ၌ ဧပြီ ၁၂ရက်နံနက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်တီးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစောတုန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ထန်းတပင် တီဘီရောဂါကုဆေးရုံ၌ စုပေါင်းသန့်ရှင်း

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် ထန်းတပင်တီဘီရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှမိုး ဦးဆောင်သော ဆေးရုံဝန်ထမ်းများနှင့် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ စုပေါင်း၍ မေ ၁ရက်က ဆေးရုံရှေ့ရှိ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းပြီး စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (ကျန်းမာရေး)

ရေဦးမြို့နယ်စည်ပင်သာယာ ဗေဒါလမ်းကျောက်ချောခင်း

စစ်ကိုင်းတိုင်း ရေဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် မြို့ပြလမ်း အောင်ဆန်းရပ်ကွက် ဗေဒါလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၈ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်ထားမြင့် အငယ်တန်းအင်ဂျင်နီယာ(၂)က ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

မိုးမောက်၌ စာအုပ်စာစောင်တိုးပွားရေးဆွေးနွေး

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျရီဒဂေါ်အုပ်စု နမ့်ဆိုင်းကျေးရွာသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လွန်းနန်းထွေးနှင့်အဖွဲ့ မတ်၂၆ရက်က သွားရောက်ကွင်းဆင်းပြီး စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ်စနစ်ခိုင်မာရေးနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးတို့ကို ရှင်းလင်း ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

မြို့ရေပေးဝေရေး ဆိပ်ဖြူ၌ဆောင်ရွက်

ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ရှိ မြို့ရေပေးရေးစက်ရုံ ရေပေးဝေရေးဆောင်ရွက်ရန်အတွက် ထရန်စဖော်မာ စွမ်းအားပြည့်အသုံးပြုနိုင်ရေး ဧပြီ ၂၃ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစန်းဦးနှင့်ဝန်ထမ်းများ စစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးအောင်ဆွေ၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

ညောင်ရွှေ၌ ခါနွေဦးသင်တန်းဖွင့်

ညောင်ရွှေမြို့နယ် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ခါနွေဦးသင်တန်းများကို မြို့နယ်အသင်းရုံးခန်းမ၌ မတ် ၁၃ရက်ကကျင်းပရာ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်စောဥနှင့် ဒုတိယလက်ထောက် တိုင်းရင်းဆေးမှူး ဒေါ်နန်းဟွမ်ခမ်းတို့က သင်ကြားပို့ချခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီး၌ ရေကျော်လမ်းတည်ဆောက်

နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်မျိုးသည် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၄ ရက်က နွားထိုးကြီးမြို့နယ်နှင့် တောင်သာမြို့နယ်စပ်၌ရှိသော ဝေသံဖလချောင်းကိုပိတ်၍ ရေကျော်လမ်းတည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုကြသည်။ (၀၉၂)

မိုးကောင်းမြတောင်ကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွှန့်ရွှေသည် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အေးအေးလင်း၊ စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ပိုးအိစံတို့နှင့်အတူ ဧပြီ ၃၀ ရက်က မိုးကောင်းမြို့ မြတောင်ကျေးရွာသို့ သွားရောက်၍ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်သည့် စာကြည့်တိုက်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကျေးရွာ တာဝန်ရှိသူများအား မှာကြားသည်။ ။ (မြို့နယ် ပြန်/ဆက်)

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရေစကြိုမြို့နေ ဦးလုံးပေါ [အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ MOGE - အရာတော်]-
ဒေါ်ခင်သန်းဝင်း(အ·လ·က-၁)ကျောင်းအုပ်ကြီး၊ ပခုက္ကူတို့၏သား

ဗိုလ်ကြီးဇေယျာဦး
B.E (Electrical Power) D.S.T.A

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင်းမိုရ်လမ်း၊ အိမ်အမှတ် ၃၅ နေ
ဦးဘိုးထူး [လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ လယ်ယာထွက်ကုန်၊ စီးပွား/ကူးသန်း]-
ဒေါ်ခင်အုန်းမြင့် (အလယ်တန်းပြ၊ ငြိမ်း၊ DEPT)တို့၏ သမီး

မဖြိုးအိခင်ထူး (ခ) ပုံ့ပုံ့
M.A (English), Dip in English (YUFL)
နည်းပြ၊ နည်းပညာတက္ကသိုလ်(ပင်လုံ)

တို့၏ ၃၀-၄-၂၀၁၀ ရက် (သောကြာနေ့)တွင် M3 Food Center ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး ဒေါ်မြင့်တာ၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာ အောင်မိုးမြင့်နှင့်ဇနီး ဒေါက်တာ ချိုချိုလှိုင်၊ ဦးစိန်မြင့် (MD, SKT Myanmar Co., Ltd., City Auto Service) နှင့်ဇနီးဒေါ်ဝင်းတင်တို့အားလည်းကောင်း၊၂-၅-၂၀၁၀ ရက် (တနင်္ဂနွေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဗိုလ်မှူးကြီး စိုးဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်မာမာဦးတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးကုသဌာန၊ တွဲဖက်ပါမောက္ခ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်စိုးဝင်းနှင့်ဇနီး ဒေါ်လှလှဌေးတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင် မအိအိချော (3rd MB)၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မအိမြတ်မော် (3rd MB)တို့အားလည်းကောင်း၊ သတို့သားအရံ ဗိုလ်ကြီးဟိန်းထက်အောင်နှင့် ဗိုလ်ကြီးနိုင်လင်းဦး၊ သတို့သမီးအရံ မဟန်နီဦးနှင့် မဝေမမတင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော အကယ်ဒမီ ဒေါ်ချိုပြုံးနှင့် The Aces တေးဂီတအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင် ပန်းအလှပြင်နှင့် လက်ဝတ်ရတနာဆင်မြန်းပေးသော မုဏ်းကိုနှင့်အဖွဲ့၊ အလှပြင်ပန်းများ လက်ဖွဲ့ချီးမြှင့်သော စိန်ဆွေသစ်ခွခြံတို့အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူးနှင့်အဖွဲ့ တို့အားလည်းကောင်း၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇေယျာဦး-မဖြိုးအိခင်ထူး(ခ)ပုံ့ပုံ့။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစံကျော် (လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-
ဒေါ်ဝေရီ (အငယ်တန်း လက်ထောက်မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)တို့၏ သားလတ်

မောင်အောင်ကျော်မြင့်
(Chief Officer) First Mate (F.G)

နှင့်

ရန်ကုန်မြို့နေ
Capt. ဦးသူရ **(Master Mariner)**-ဒေါ်ဖြူဖြူစံတို့၏ သမီး

မကြည်ဖြူစံ
A.G.T.I (E.P), B.Sc (Physics)
Oriental Travel & Tour
Kandawgyi Palace Hotel

တို့၏ ၁၇-၃-၂၀၁၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် အခမ်းအနား၌ လက်မှတ်ရေးထိုးပေးပါသော အနောက်ပိုင်းခရိုင်ဥပဒေရုံး၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးခင်မောင်မောင်အားလည်းကောင်း၊ ၂-၅-၂၀၁၀ရက် (တနင်္ဂနွေနေ့) Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့်ဇနီး ဒေါ်ခင်မေလတ်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မအိခိုင်ကြည်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မသဲမြတ်မွန်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမြဖြူစင်၊ သတို့သားအရံမောင်နိုင်လင်းဦး၊ သတို့သမီးအရံ မပိုလျှံသက်လှိုင်ဦးတို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကောင်းထက်ဇော် (MRTV-4)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော အဆိုတော်စိုးစန္ဒာထွန်း၊ မိတ်ကပ်နှင့်ဆံပင်အလှပြင်ခင်စန်းဝင်းနှင့် အဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ရွှေရတီစိန်ရွှေရတနာဆိုင်၊ ဗိုလ်ချုပ်ဈေးမှ ဦးအောင်ဇေယျနှင့် ဒေါ်တင်သင်းသင်းသန်းအား လည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ဝဏ္ဏခွာနီးနှင့်အဖွဲ့ အားလည်းကောင်း၊ Nightingale တေးဂီတအဖွဲ့အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့် စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ အဘက်ဘက်မှ ကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးနှင့် မင်္ဂလာညှော်ခံပွဲသို့ မကြွရောက်နိုင်သော်လည်း ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဆောင်ပို့ဆောင်ပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်မြင့်-မကြည်ဖြူစံ

အမွေပြတ် စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဒေါ်ခင်သန်း၏သမီးများဖြစ်ကြသော မနီလာရှိန် ၁၂/တမန(နိုင်)၀၅၈၃၇၄နှင့် မငွေဝေါ ၁၂/ဥကတ(နိုင်)၀၅၉၉၀၄ တို့သည် မိဘညီအစ်ကိုမောင်နှမများ ခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုလုပ်သွားပါ၍ သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်မယူပါကြောင်း။

မိခင်-ဒေါ်ခင်သန်း ၁၂/တမန(နိုင်)၀၄၉၂၉၃။

ငွေရတုမင်္ဂလာဆုတောင်း

(၅-၅-၁၉၈၅ - ၅-၅-၂၀၁၀)

သမီးတို့အပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာတရားများ ပြည့်ဝစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့သော ချစ်သောဖေဖေ ဦးသိန်းဌေးအောင် (E/O Chellaram Shipping,Hone Kong Ltd.)-ချစ်သောမေမေဒေါ်မူမူမြင့် (မိဘရိပ်မြန်မာထမင်းဆိုင်)တို့၏ ၅-၅-၂၀၁၀ ရက်တွင် ရောက်ရှိသော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှစ်ပတ်လည်နေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြ၍ ဖေဖေ၊ မေမေတို့သည် မိုးကုတ်ယောဂီများဖြစ်ကြသည့်အားလျော်စွာ နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်သော တရားထူးတရားမြတ်တို့ကို လျင်မြန်စွာ ကျင့်ကြံပွားများ အားထုတ်နိုင်သည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များဖြစ်ကြပါစေလို့ လှိုက်လှဲစွာ ဆုမွန်တောင်းလိုက်ပါသည်-

သမီးကြီး - **ယွန်းဖြူဖြူအောင်(သဲသဲ)**
Dip in Global English(Y.U), B.C.Sc(Hons;) (U.C.S.Y)
Graduate Dip in System Analysis(N.U.S)
Software Engineer (Chiron Technology Pte.,Ltd.,Singapore)

သမီးလတ် - **သီရိမြင့်အောင်(မချော) (2nd Year-U.C.S.Y)**
ယဉ်မြင့်အောင် 2nd Year(Eng:)U.D.E

သမီးငယ် - **ဥမ္မာမြင့်အောင်(ပူတူးလေး)**
Final Year(Eng:) U.D.E
Intermediate I(Seameo Chat)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရွှေဝတီတိုင်းနေ ဦးအောင်လှိုင်-ဒေါ်စန်းတို့၏သား

မောင်မင်းသူ
B.A(Geo)
Diploma in Japanese Language (TOKYO)

နှင့်

ရန်ကုန်မြို့နေ ဦးကျော်စိန်-ဒေါ်ခင်နွဲ့တို့၏သမီး

မခိုင်မျိုးမြင့်နိုင်
B.Com (Q), M. Com I
Dip. CA: Dip. IT (TOKYO)
Diploma in Japanese Language (TOKYO)

တို့၏ ၂-၅-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာ ကျော်ဇော (ကထိက၊ သင်္ချာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)နှင့်ဇနီး ဒေါက်တာအေးမြသီတာချစ်(ကထိက၊ သင်္ချာဌာန၊ ဒဂုံတက္ကသိုလ်)တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲ မအောင်မျိုးမြင့်နိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင် မဇင်သူဇာမျိုးအောင်၊ သတို့သားအရံအိုနို(ONO)၊ သတို့သမီးအရံ မမေသွယ်နေဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဒေါ်ရီရီသန့်နှင့် The Aces တေးဂီတအဖွဲ့၊ လက်ဝတ်ရတနာနှင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်နှင့်ပန်းအလှပြင် ခင်စန်းဝင်း၊ ဓာတ်ပုံနှင့် ဗီဒီယို မိုးကိုဦးနှင့်အဖွဲ့၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံး၊ ဂျပန်နိုင်ငံရှိ နှစ်ဖက်သော ဆွေမျိုးများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းသူ-မခိုင်မျိုးမြင့်နိုင်။

သရဝဏ်

ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ
၄-၅-၂၀၁၀ ရက်တွင် ဖြန့်ချိလိုက်သည့်
မင်းအုပ်စိုး၏ **'နေတက် ရေတက်'**
ဇာတ်ကားတွင် ဇာတ်ကားရိုက်ကူးနေစဉ်
မတော်တဆ ထိခိုက်မှုကြောင့် ညာဘက်
လက်မောင်းဆုံ ပြုတ်သွားသည့်အတွက်
အချို့အခန်းများတွင် ဒဏ်ရာမပေါ်စေရန်
စောင့်ခြုံ၍ သရုပ်ဆောင်ထားသည်ကို
ပရိသတ်များ နားလည်ခွင့်လွှတ်ပေးကြပါလို့
တောင်းပန်ပါတယ်။

ပရိသတ်များကို
ချစ်ခင်စွာဖြင့်
မင်းအုပ်စိုး။

(၃၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ဦးသန်းထွဋ် [ညွှန်ကြားရေးမှူး-ငြိမ်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန]နှင့် ဒေါ်ခင်မြင့်ကြူတို့၏ ၅-၅-၂၀၁၀ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက်မင်္ဂလာရက်မြတ်နှင့် မမကြူ၏ မွေးနေ့ရက်မြတ်မှသည် မင်္ဂလာရွှေရတု၊ စိန်ရတုတိုင်အောင် ချမ်းမြေ့ ပျော်ရွှင်စွာ ဘဝခရီးလမ်းလျှောက်လှမ်း၍ သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် —

ချစ်တပည့်များ-
ကိုကံချွန်၊ မချို၊ ခင်ခင်ထွန်း၊ ခင်ဝင်းမူ၊ အေးအေးဝင်း။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ဗမ/၁၅၁၄၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးစံလင်း ၁/ဗမန(နိုင်)၀၁၄၁၀၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး၊ ဗန်းမော်မြို့။

ဆကကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၅

ဆကကြီးအသင်း(ရန်ကုန်)၏ (၃၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၈ နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋီတိုက်ခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်ဆွေ(ဦးပါကြီး)က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်း အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးကလည်းကောင်း၊ အသင်းတစ်ရပ်လုံး၏ ငွေရေးကြေးရေးအခြေအနေနှင့် ရသုံးငွေစာရင်းများကို ဒေါ်မီမီခင်ခင်ကြီး(ကျောက်မြောင်း)ကလည်းကောင်း၊ အသင်းတိုက်ဖြစ်မြောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ ကြားဖြတ်အစီရင်ခံစာကို အသင်းတိုက်ဖြစ်မြောက်ရေး ဦးစီးကော်မတီဝင်ဦးအောင်မိုးဇော်ကလည်းကောင်းရှင်းလင်းတင်ပြကြပြီးအစည်းအဝေးက အတည်ပြုကြသည်။

ထို့နောက် အသက် ၈၀နှင့်အထက် အဘိုး၊ အဘွား ၈၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ဖြင့် ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်မှချီးမြှင့်သော ပါရဂူဘွဲ့ရ ဒေါက်တာစန္ဒာအေးနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့အား ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပေးအပ်ပြီး ဥက္ကဋ္ဌ ဦးကျော်မြင့်(စမ်းချောင်း)နှင့် အတွင်းရေးမှူး ဦးအေးကြူ(ဆကကြီးအေးကြူ)တို့ ခေါင်းဆောင်ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ **(မြန်မာ့အလင်း)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မြင့်ဟန် ၁၂/မဂတ(နိုင်) ၀၇၉၆၄၃၏ CDC-54930 စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၅၃၄၄၀၀။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)သီရိဇေယျာလမ်း၊ (၁၆)ရပ်ကွက်နေ မောင်ကိုကိုအောင်နှင့် မောင်ထွန်းကိုကိုမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကောင်းမြတ်ဝင်း CDC-39777၏Tanker လက်မှတ် TF-6598 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၅၅၅၇၂၆။

မာတင်လူသာ

၁၄၈၃-၁၅၄၆

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

မာတင်လူသာသည် ဂျာမန်ပြုပြင်ရေးသမားတစ်ဦးဖြစ်သည်။ ၎င်း၏ နိုင်ငံရေးအယူအဆမှာ နိုင်ငံရေးနှင့်ဘာသာရေးကို တိတိကျကျစည်းတားလိုကြောင်း တွေ့ရသည်။ နိုင်ငံတော်၏အာဏာသည် ဘာသာရေးအဖွဲ့အစည်းများအပေါ်၌ သက်ရောက်မှုရှိရမည်ဟု သူယူဆသည်။

ထိုခေတ်ထိုအခါက ထုံးစံအတိုင်း ဘာသာရေး အဖွဲ့အစည်းများက မြို့ပြအုပ်ချုပ်ရေးအာဏာကို ရယူခြင်းမှာ မှားယွင်းနေသည်ဟု ဆိုသည်။ ဘာသာရေး အဖွဲ့အစည်းအတွင်း၌လည်း ရောမရဟန်းမင်းလက်ထဲ၌သာ အာဏာအပ်နှင်းထားခြင်းသည် နည်းလမ်းမကျဟု ဆိုသည်။ ဘာသာရေးကောင်စီ၌သာ ဘာသာရေးဆိုင်ရာ အာဏာကို အပ်နှင်းသင့်သည်ဟု ပြောကြားသည်။

မဟာဝိဇ္ဇာဘွဲ့ရရှိ

မာတင်လူသာကို ဂျာမနီနိုင်ငံ ဘာလင်မြို့အနီး အိုက်ဆယ်ဘင်မြို့ကလေးတွင် ၁၄၈၃ခုနှစ် နိုဝင်ဘာ ၁၀ရက်တွင် မွေးဖွားသည်။ ၎င်း၏မိဘများသည် လူလတ်တန်းစားများဖြစ်ပြီး ၎င်းအား ပညာတတ်စေလို၍ အလုပ်ကို ကြိုးစားလုပ်ကိုင်ကာ ကျောင်းသို့ စေလွှတ်သည်။ အသက် ၂၁နှစ်အရွယ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိသည်။

မိဘများက မာတင်လူသာကို ရှေ့နေတစ်ဦးဖြစ်ရန် ရည်မှန်းသည်။ ၁၅၀၅ခုနှစ်တွင် မာတင်လူသာသည် ဥပဒေကို စတင်လေ့လာသည်။ သို့သော် တစ်နှစ်ခန့်အကြာ ခရီးထွက်ရင်း မိုးကြိုးပစ်မှုနှင့်ကြုံကာ သီသီကလေး လွတ်မြောက်သွားရာမှ ၎င်း၏ ရှေ့ဘဝခရီးလမ်းကြောင်း ပြောင်းလဲသွားသည်။ ဘာသာရေးကို ဦးစားပေး နေထိုင်ရန် ဆုံးဖြတ်သည်။

လက်လှမ်းမီအောင်

မာတင်လူသာသည် မိဘများဖြစ်စေလိုသည့် အတိုင်း မဖြစ်ဘဲ အားဖတ်ရှိ ဩဂတ်စတင်းနီးယန်းဘုန်းကြီးကျောင်းသို့ ရောက်သည်။ ၁၅၀၇ခုနှစ်တွင် ခရစ်ယာန်ဘုန်းကြီးအဖြစ် ခံယူလိုက်သည်။ ဘာသာရေးနှင့်ပတ်သက်သည့် ၎င်း၏ ပြောဆိုဝေဖန်ချက်များမှာ ရိုမန်ကက်သလစ်ထိပ်ပိုင်းသို့ပါ ထိပါးလာသဖြင့် ၁၅၂၁ခုနှစ် ဇန်နဝါရီလတွင် ခရစ်ယာန်အသင်းတော်ဝင်အဖြစ်မှ အကြဉ်ခံလိုက်ရသည်။ သူသည် သမ္မာကျမ်းစာသစ်ကို ဂျာမန်ဘာသာသို့ပြန်ဆိုပြီး သာမန်လူများ နားလည်လက်လှမ်းမီအောင် ပြုလုပ်ပေးသည်။

ရည်ရွယ်ချက်

သူ့ရည်ရွယ်ချက်မှာ ဟောင်းနွမ်းသော ပဒေသရာဇ်စနစ်အစား သစ်လွင်သော ခေတ်အယူအဆဖြင့် ဧကရာဇ်အုပ်ချုပ်သောနိုင်ငံ ထူထောင်ရေးပင်ဖြစ်သည်။ ။

(အင်တာနက်)

မာတင်လူသာကို ဂျာမနီနိုင်ငံ ဘာလင်မြို့အနီး အိုက်ဆယ်ဘင်မြို့ကလေးတွင် ၁၄၈၃ခုနှစ် နိုဝင်ဘာ ၁၀ရက်တွင် မွေးဖွား၊ ၎င်း၏ မိဘများသည် လူလတ်တန်းစားများဖြစ်ပြီး ၎င်းအား ပညာတတ်စေလို၍ အလုပ်ကို ကြိုးစားလုပ်ကိုင်ကာ ကျောင်းသို့ စေလွှတ်။

ဘဝအမောပြေ

ငါသိပါတယ်ကွာ

တစ်ခါက ရွာတစ်ရွာ၌ ငွေကြေးပြည့်စုံသော လယ်ပိုင်ရှင်သူဌေးကြီး တစ်ဦးရှိလေသည်။ သူဌေးကြီးထံသို့ လူတစ်ယောက်က တပည့်ဖြစ်သူ မောင်ဘအား နွားငှားရန် စာရေးသား၍ စေလွှတ်လိုက်သည်-

မောင်ဘ ။ ။ သူဌေးကြီးထံသို့ ရေးပေးလိုက်သောစာ ပေးလိုက်သည်။

သူဌေးကြီး ။ ။ စာကို အမြန်ဆွဲယူပြီး ပြုံးပြုံးကြီးလုပ်ကာ စာဖတ်တတ်ယောင်ယောင် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

မောင်ဘ ။ ။ သူဌေးကြီး ဘာရေးထားတာလဲ ခင်ဗျာ။

သူဌေးကြီး ။ ။ ငါသိပါတယ်ကွာ၊ ငါ့ကိုလာလည်ဖို့ ဖိတ်တာလေ။

မောင်ဘ ။ ။ ``အန်''

ဘဝဒဿန

*** When you can't win, you can at least grin.**
- သင်က အနိုင်မရနိုင်သောအခါ အနည်းဆုံး ပြုံးပြနိုင်ပါသည်။

*** Revenge is a trait of the primitive man.**
- လက်စားချေခြင်းသည် ရှေးဦးလူသားတို့၏ ဥာဉ်ဆိုးဖြစ်သည်။

*** One bad habit of ten spoils a dozen good ones.**
- အကျင့်ဆိုးတစ်ခုက အကျင့်ကောင်းဒါဇင်မျှကို ဖျက်ဆီးပစ်နိုင်၏။

(နပိုလီယံဟီးလ်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား

❖ မြင့်မောင်စိုး-စုစည်းသည် ❖ စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိန်း (မြန်မာ့အလင်း)

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံး အဆောက်အအုံ

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်တုံပြည်နယ်၌ ယခုနှစ်ဆန်းပိုင်းက တည်ဆောက် ဖွင့်လှစ်ခဲ့သော ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံး အဆောက်အအုံကြီးဖြစ်သည်။ ယင်းနေစွမ်းအင် အဆောက်အအုံကြီးသည် စတုရန်းပေ ၈၀၇၀၀၀ ကျယ်ဝန်းပြီး ပြခန်းများ၊ သိပ္ပံဆိုင်ရာ သုတေသနဌာနများ၊ အစည်း အဝေးခန်းများ၊ လေ့ကျင့်ရေးခန်းမများနှင့် ဟိုတယ်တို့ ပါဝင်သည်။ အဆိုပါ ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံး အဆောက်အအုံကြီးမှထုတ်လုပ်သော စွမ်းအင်များသည် တရုတ်နိုင်ငံအတွက် လိုအပ်သောစွမ်းအင်၏ ၃၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။ (ဝဲပုံ)

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး အမြှာပွဲတော်

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ မေ ၂ ရက်က ကမ္ဘာ့အကြီးဆုံး အမြှာများ တွေ့ဆုံသည့် ပွဲတော်ကြီး ကျင်းပခဲ့သည်။ ယင်းအမြှာတွေ့ဆုံပွဲတော်သို့ ပြည်ပမှ အမြှာစုံတွဲများ အများအပြား ပါဝင်ဆင်နွှဲခဲ့သည်။ ယင်း အမြှာပွဲတော်တွင် အမြှာအတွဲပေါင်း ၁၂၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ရာ ပြည်သူ ၃၀၀၀၀၀ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ***(ယာပုံ)***

(အင်တာနက်)

ကမ္ဘာ့ရေအနက်ဆုံး ရေငုပ်နိုင်သူ

ဆွစ်ဇာလန်နိုင်ငံသား ဝီလျံထရူးဘရစ်ဆိုသူသည် ကမ္ဘာ့ရေအနက်ဆုံး ရေငုပ်ပြီး ကမ္ဘာ့စံချိန် တင်ခဲ့သည်။ ၎င်းသည် ပင်လယ်ရေမျက်နှာပြင်မှ အနက်ဆုံးသို့ ဒိုင်ဗင်ထိုးချရာ ၁၁၆မီတာနက်သည်အထိ ရေငုပ်နိုင်ခဲ့သည်။

ဝီလျံထရူးဘရစ်သည် ရေအနက် ၁၁၆မီတာတွင် ၄မိနစ်နှင့် ၉စက္ကန့်ကြာအောင် ဒိုင်ဗင်ထိုး ရေငုပ်ခဲ့သည်။ ***(အပေါ်ပုံ)*** ***(အင်တာနက်)***

နွေရာသီ အခြေခံအားကစားပေါင်းစုံ သင်တန်းဆင်းပွဲ လှိုင်ကော်မြို့တွင် ကျင်းပ

လှိုင်ကော် မေ ၂၀

၂၀၁၀ ခုနှစ် နွေရာသီ အခြေခံအားကစားပေါင်းစုံ သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၃ရက် နံနက်က လှိုင်ကော်မြို့ ဒေါ်ဥခုရပ်ကွက်ရှိ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဆက်လက်၍ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများက အားကစားနည်းအလိုက် သရုပ်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (ယာပုံ) (ပြည်နယ် ပြန်/ဆက်)

မင်းတိုင်ပင်-သရက် ကျေးရွာချင်းဆက်လမ်းဖွင့်

ပုလဲ မေ ၂၄

မင်းတိုင်ပင်-သရက်ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်ထွန်းအောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ကုန်ကျငွေ

အဆိုပါလမ်းကို သရက်ရွာဦးကျောင်း ဆရာတော် ဦးတေဇောဘာသက ဦးဆောင်၍ ကျေးရွာသား ကျေးရွာသူများက လမ်းအရှည် တစ်မိုင်တစ်ဖာလုံကို မြေသားတင်ခြင်း၊ မြေနီဂျင်းကျောက်ခင်းခြင်း ဆောင်ရွက်ကြရာ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၁၉၀ ကုန်ကျခဲ့သည်။

တည်ဆောက်ခဲ့

ယင်းလမ်းပေါ်တွင် ငွေကျပ်သိန်း ၈၀ တန် ဆင်လယ်တံတားနှင့် ငွေကျပ်သိန်း ၄၀တန် ကန်ပေါင်ချောင်း တံတားနှစ်စင်းကို အလှူရှင်နှင့် ပြည်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေထွေ

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ

မြစ်ကြီးနားခရိုင် ဆဒုံးမြို့၌ ကျင်းပ

ဆဒုံး မေ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆဒုံးမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မတ် ၂၀ရက်က ဆဒုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးမှာကြား

အခမ်းအနားတွင် မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်က မူးယစ်ဆေးဝါးအသိပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအား ရှင်းလင်း ဆွေးနွေးခြင်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် ပညာပေးခြင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးအတွက် ပညာပေးဆွေးနွေးခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးအတွက် ဘိန်းခင်းများ ဖျက်ဆီးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

တက်ရောက်

အလားတူ မတ် ၁၉ရက်က ဆဒုံးမြို့နယ် ရင်ဒမ်ကျေးရွာ၌လည်းကောင်း၊ မတ် ၂၁ရက်တွင် ဝေမိုးကျေးရွာ၌ လည်းကောင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲအခမ်းအနား ကျင်းပခဲ့ရာ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

ဂန့်ဂေါ-မန္တလေး ရွှေမေတ္တာ အမြန်ယာဉ်လိုင်းဖွင့်

ဂန့်ဂေါ မေ ၁

ဂန့်ဂေါ-မန္တလေး ခရီးသည်နှင့် ကုန်စည်တင် ရွှေမေတ္တာ အမြန်ယာဉ် ကားလိုင်းဖွင့်ပွဲကို မတ် ၂၁ရက်က ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်ရှိ ရွှေမေတ္တာကားဂိတ်၌ ကျင်းပသည်။

ရွှေမေတ္တာကားလိုင်းသို့ မန္တလေးဂိတ်၊ ဘောလုံးကွင်းတိုက်တန်း အခန်း ၆၄/၆၅ ဖုန်း-၀၉-၂၄-၅၀၉၃၅နှင့် ဂန့်ဂေါဂိတ် စည်ပင်သာယာရပ်ကွက် ဖုန်း-၀၆၂-၅၀၁၄၃တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ (၀၇၁)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဖားကန့်မြို့နယ် မဂ္ဂဇင်းထုတ်ဝေမည်

မိုးညှင်း မေ ၂၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် ဖားကန့်မြို့နယ် မဂ္ဂဇင်းကို အရည်အသွေးမြင့် စီစဉ်ထုတ်ဝေမည်ဖြစ်သည်။

ဖားကန့်မြို့နယ်မဂ္ဂဇင်းတွင် သုတရသနှင့် ဒေသဖွံ့ဖြိုးရေးများ စုံလင်စွာပါဝင်ရန် ဖားကန့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြို့နယ်မဂ္ဂဇင်းကော်မတီဝင်များ မေ ၁၀ ရက်မှ စတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ မြို့နယ်မဂ္ဂဇင်း ဖြစ်မြောက်အောင်မြင်ရေးတွင် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဦးမျိုးအောင်(မိုးအောင်-ကချင်မြေ)က စာပေ လိုအပ်သည်များကို စီစဉ်ဖြည့်ဆည်းပေးလျက်ရှိပြီး ဖားကန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်ဦး (မြတ်သူမင်း-ဥက္ကံ)က ထုတ်ဝေမည်ဖြစ်သည်။ (၀၀၂)

စာကြည့်တိုက်ဖွင့်

တန့်ဆည်မြို့နယ် သစ္စေးကုန်းကျေးရွာအုပ်စု သစ္စေးကုန်းကျေးရွာ မဟာဝိဇ္ဇာစာကြည့်တိုက်ကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးညို၊ ကျောင်းအုပ်ဆရာကြီး ဦးအိမ်ကြီးမောင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းညွှန့်တို့ မတ် ၂၀ရက်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဥတု ရာသီ တောကို မှီ၏

ပုဏ္ဏားကျွန်းမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ စုံညီအစည်းအဝေးကျင်းပ

ပုဏ္ဏားကျွန်း မေ ၂၉

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို မတ် ၁၇ရက်က ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌ ဦးကျော်အေး(ချမ်းမြေ့စည်)က ဗဟိုကော်မတီ၏ လုပ်ငန်းလမ်းညွှန်ချက်များကိုဖတ်ကြားသည်။ ဆက်လက်ပြီး ဦးလှရွှေ (မြတ်ရွှေ-မြေစာရင်း)က အလုပ်အမှုဆောင် အစီရင်ခံစာကိုလည်းကောင်း၊ ဦးလှဘော်သူ (သူ-ပုဏ္ဏားမြို့)က ဘဏ္ဍာရေး အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်သွင်းသည်။

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်သစ်နှင့် ပဉ္စမအကြိမ်ညီလာခံ ကိုယ်စားလှယ်များ ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးမောင်ကျော်ဦး(ကျော်ဦး- ပြန်/ဆက်)၊ အတွင်းရေးမှူး ဒေါ်လှအေးယဉ်၊ ဘဏ္ဍာရေးမှူး ဦးကျော်အေး (ချမ်းမြေ့စည်)နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဦးကျော်အေး(ချမ်းမြေ့စည်)အား ရွေးချယ်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ထီးလင်းမြို့နယ် မောချောင်းရေပြင်ကျယ်ပေါ်က မောချောင်းတံတား၏အလှကို ဤသို့ သာမောဖွယ်တွေ့ရသည်။

ယောနယ်က အိပ်မက်လွန်တံတား(ခေါ်) မောချောင်းတံတား

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ကလေးဝင်းသူ ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ကလေး မေ ၅

ထီးလင်းမြို့နယ်မှ အိပ်မက်တံတား····။ သွားရောက်ရန် အကြိမ်ကြိမ်စိတ်ကူးခဲ့သော်လည်း ယခုတော့ အကောင်အထည်ပေါ်လာခဲ့ပြီ။ ထီးလင်းမြို့နယ် ကဇွန်းရွာသား တူးလေးခေါ် ဦးဝင်းမင်းအောင်(ရွှေဆိုင်)၏ ဖိတ်ခေါ်ချက်အရ မောချောင်းတံတားနှင့် မြစ်သာရေလှောင်တမံရှိရာ ကဇွန်းထောင့်ရွာကလေးသို့ ရောက်ရှိသွားခဲ့သည်။

ပြည့်နှက်နေ

ကဇွန်းထောင့်သို့ပြန်မည့် သဲသယ်ကားကြီးပေါ်တွင် ကဇွန်းထောင့်သူများဖြင့် ပြည့်နှက်နေ၏။ ယောကျ်ားဆို၍ သုံးဦးသာပါသည်။ ကျန်အများစုမှာ မိန်းမများချည်းသာ။

ကားက "ဂန့်ဂေါ- ရေမျက်နီ-ထီးလင်း-ကျောက်ထု-မင်းတပ်ကားလမ်းမကြီးအတိုင်း အရှိန်ပြင်းစွာ မောင်းနှင်လျက်ရှိရာ ကတ္တရာလမ်းပေါ်က အချို့ပေါ် ဘီးကျချိန် ကားဆောင့်တိုင်း ကျွန်တော့်မှာ မြောက်တက်သွားသဖြင့် ကားပေါ်မှ လိမ့်မကျရန် မနည်းထိန်းကိုင်၍ လိုက်ခဲ့ရ၏။

စာမျက်နှာ ၇ ကော်လံ ၁ ○

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ရုပ်မြင်သံကြား ကြာမြင့်စွာကြည့်သောကလေး ကျန်းမာရေး ထိခိုက်စေနိုင်ဟုဆို

ကောင်းမြတ်သူ - စုစည်းသည်

အသက်ငယ်သော ကလေးငယ်များ ရုပ်မြင်သံကြားကို အချိန်ကြာမြင့်စွာ ပေးမကြည့်သင့်ကြောင်း၊ ကျန်းမာရေး ချို့ယွင်းစေနိုင်ကြောင်း သုတေသန ပညာရှင်များက သတိပေးထားသည်။



သတိပေး

ကလေးငယ်များအား သိုင်းကားများ ပေးမကြည့်သင့်ကြောင်း မီချီဂန်နှင့် မွန်ထရီရယ်တက္ကသိုလ်များမှ သုတေသန ပညာရှင်များက သတိပေး တင်ပြထားသည်။

ကျန်းမာရေးထိခိုက်

ယင်းသုတေသနအဖွဲ့သည် ကလေး ၁၃၀၀အား စစ်တမ်းကောက်ယူခဲ့ရာ ရုပ်မြင်သံကြား ကြာရှည်စွာကြည့်သော ကလေးများမှာ ကျန်းမာရေးထိခိုက်မှုများ ပိုမိုတွေ့ရှိရသည်ဟု ဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မောင်နွယ်စစ်၏ နယ်ချဲ့ပုဆိန်နှင့် သစ္စာဖောက်ပုဆိန်ရိုးတို့၏ အကြမ်းဖက် လူသတ်လုပ်ရပ်ဖြစ်စဉ်များဆောင်းပါး စာ-၈တွင် ဖတ်ရှုနိုင်ပါသည်။

6-5 (20).pmd 1 5/6/2010, 1:19 AM